# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၃၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့တွင် လိုအပ်သည်များကို လမ်းညွှန်မှာကြားစဉ်။

# ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံ၏စီးပွားရေးခိုင်မာရေးကိုလည်း တည်ဆောက်ရမည်

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ယနေ့ ဖတ်စရာ


**ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန် စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန် ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေရန် လိုအပ်**

ပြည်တွင်းသတင်း စာ - ၉

**မုန်းလျှင်အပြစ်၊ ချစ်လျှင် အကျိုး၊ မြတ်နိုးလွန်း၍ သဒ္ဓါမလွန်ကြစေဖို့ရန် ...**

ဆောင်းပါး စာ - ၁၀



**တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အာကာသထဲသို့ ဂြိုဟ်တုသစ် ၁၆ လုံး တရုတ်လွှတ်တင်**

နိုင်ငံတကာသတင်း စာ - ၁၃

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သီရိရတနာကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ခေမာသီဝံပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ရှမ်းကျောင်းစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ သာမဏေကျော် ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ ဈေးတန်းကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းများ ဖွင့်လှစ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာင်နှင့် ထားဝယ်မြို့တို့၌ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည်။



အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် သင်တန်းအပတ်စဉ်(၃/၂၀၂၂) ကို ဇူလိုင် ၂၅ရက်မှ စက်တင်ဘာ ၂ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် ဩဂုတ် ၈ ရက်အထိ သင်တန်းသား သင်တန်းသူ ၄၅၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မေတ္တာအခါတော်

လူ့လောက၌ လောဘတရားတို့ လွှမ်းမိုးလျှင် အငတ်ဘေးတို့ ဆိုက်ရောက်တတ်သည်။ ဒေါသတရားတို့ လွှမ်းမိုးလျှင် စစ်မက်ဘေးတို့ ဆိုက်ရောက်တတ်သည်။ မောဟတရားတို့ လွှမ်းမိုးလျှင် အနာရောဂါဘေးတို့ ဆိုက်ရောက်တတ်သည်ဟု ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကြသည်။ မျက်မှောက်ကမ္ဘာကြီးသည် ဒေါသကမ္ဘာဟု ဆိုရလောက်အောင်ပင် ကြမ်းတမ်းခက်ထန်ပူလောင်မှုတို့က နေရာများစွာတို့မှာ ဖုံးလွှမ်းလျက်ရှိသည်။ လောဘ၊ ဒေါသ၊ မောဟ ဟူသော မူလတရားသုံးပါးတို့တွင် လောဘသည် ဖြည်းဖြည်းညင်းညင်း၊ ဖြားဖြားယောင်းယောင်း၊ သက်သက်သာသာ သတ္တဝါတို့၏ အကျိုးစီးပွားကို ဖျက်ဆီးတတ်၏။ ဒေါသသည်ကား ဆောဆောလျင်လျင်၊ ဟူးဟူးရားရား၊ ကြမ်းကြမ်းတမ်းတမ်းပြု၍ သတ္တဝါတို့၏ အကျိုးစီးပွားကို ဖျက်ဆီးတတ်၏။ မောဟသည်ကား ထိုတရားနှစ်ပါးတို့၏ ရှေ့ဦးစွာ ခရီးညွှန်သဖွယ်ဖြစ်၏ဟူ၍ မောင်းထောင်ဆရာတော်ကြီးက ဒေါသကထာတွင် ပြဆိုသည်။

ဒေါသ၏ ဆန့်ကျင်ဘက်မှာ မေတ္တာဖြစ်သည်။ မေတ္တာနှင့် ဒေါသသည် ရေနှင့်မီးသဖွယ်ဖြစ်၍ အတူရောနှော၍မရ။ ဒေါသသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ဖျက်ဆီးသော်လည်း မေတ္တာကမူ သတ္တဝါအားလုံးတို့၏အပေါ်တွင် ဘေးရန်တို့ မရှိစေရန်၊ နှောင့်ယှက်ခြင်းတို့ ကင်းစေရန်၊ ဆင်းရဲခြင်းမှကင်းဝေးစေရန်၊ သတ္တဝါတိုင်း မိမိတို့၏ ကိုယ်စိတ်ချမ်းသာမှုတို့အတွက် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြစေရန် အလိုရှိသည်ဖြစ်၍ စိတ်၏ကိလေသာအညစ်အကြေးတို့မှ ကင်းစေသော တရားပင် ဖြစ်သည်။

“ဘိက္ခဝေ၊ ရဟန်းတို့။ စေတောဝိမုတ္တိယာ၊ စိတ်၏ ကိလေသာမှ လွတ်ကြောင်းဖြစ်သော။ မေတ္တာယ၊ မေတ္တာကို။ သေဝိတာယ၊ မှီဝဲအပ်သည်ရှိသော်။ ဘာဝိတာယ၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတာယ၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ ယာနီကတာယ၊ စီးသောယာဉ်ကဲ့သို့ ပြုအပ်သည်ရှိသော်။ ဝတ္ထုကတာယ၊ တည်ရာကဲ့သို့ ပြုအပ်သည်ရှိသော်။ အနုဋ္ဌိတာယ၊ မေတ္တာမှ မကွာစေအပ်သည်ရှိသော်။ ပရိစိတာယ၊ လေ့ကျက်အပ်သည်ရှိသော်။ သုသမာရဒ္ဓါယ၊ ကောင်းစွာအားထုတ်အပ်သည်ရှိသော်။ ကောဒသမ၊ တစ်ဆယ့်တစ်ပါးကုန်သော။ အာနိသံသာ၊ အကျိုးဆက်တို့ကို။ ပါဋိကင်္ခါတဗ္ဗာ၊ အလိုရှိအပ်ကုန်၏”ဟု မြတ်စွာဘုရားကဟောကြားခဲ့ကြောင်း အင်္ဂုတ္တရနိကာယ် ဧကာဒသနိပါတ်တွင် ဖော်ပြထားသည်။ မေတ္တာပွားများခြင်း၏ အကျိုးဆယ့်တစ်မျိုးတို့မှာ ကောင်းစွာ အိပ်စက်ရခြင်း၊ အိပ်ရာမှ ကောင်းစွာနိုးထရခြင်း၊ မကောင်းသော အိပ်မက်မမက်ခြင်း၊ လူတို့က ချစ်ခင်ခြင်း၊ နတ်ဘီလူးတို့က ချစ်ခင်ခြင်း၊ နတ်တို့က စောင့်ရှောက်ခြင်း၊ မီး၊ အဆိပ်စသည်တို့ မသင့်နိုင်ခြင်း၊ စိတ်မပျံ့လွင့်ခြင်း၊ မျက်နှာကြည်လင်ခြင်း၊ မတွေဝေသည်ဖြစ်၍ စုတိစိတ်ကျရခြင်း၊ တရားအထူးကို ထိုးထွင်း၍ မသိသည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရခြင်းဟူ၍ ဖြစ်ပြီး ကေန်မုချရမည့်အကျိုးတရားများပင် ဖြစ်သည်။

သတ္တဝါအများ သူတစ်ပါးတို့ကို မေတ္တာပွားများမည့်သူ ကိုယ်တိုင်သည်လည်း စွမ်းနိုင်သူ၊ ကိုယ်၊ နှုတ်တို့ ဖြောင့်မတ်သူ၊ စိတ်နှလုံးလွန်စွာ ဖြောင့်မတ်သူ၊ ဆိုဆုံးမ လွယ်သူ၊ နူးညံ့သိမ်မွေ့သူ၊ မာန်မာနထောင်လွှားခြင်း မရှိသူ၊ တင်းတိမ်ရောင့်ရဲသူ၊ အမွေးအမြူလွယ်သူ၊ အပိုကိစ္စနည်းပါးသူ၊ ပေါ့ပါးဖြတ်လတ်သူ၊ ငြိမ်သက်သော ဣန္ဒြေရှိသူ၊ ရင့်ကျက်သော ပညာရှိသူ၊ မကြမ်းတမ်းမရိုင်းပျသူ၊ လူပုဂ္ဂိုလ်အစွဲမထားသူ၊ ပညာရှိတို့ ပြစ်တင်ဖွယ်အမှုမျိုး အသေးအဖွဲကလေးမျှပင် မပြုလုပ်သူအဖြစ် မိမိကိုယ်ကို ဆောက်တည်ထားရမည်ဖြစ်သည်။

လူတိုင်း လူတိုင်း၏ စိတ်နှလုံးတွင် သတ္တဝါဝေနေယျတို့အပေါ် ထားရှိအပ်သော မေတ္တာဓာတ်တို့ ဖုံးလွှမ်းလာသည်နှင့်အမျှ ကမ္ဘာလောကတွင် ဒေါသကြောင့် ဖြစ်ပေါ်နေသည့် သတ္တန္တရကပ်ဘေးမှ ကင်းဝေးကြပြီး ထာဝရငြိမ်းချမ်းနိုင်မည်ဟူ၍ မေတ္တာအခါတော်နေ့ကို အကြောင်းပြုကာ အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါကြောင်း။ ။

# မြန်မာ့ရိုးရာ ဂီတနှင့် အနုပညာယဉ်ကျေးမှုများကို ထိန်းသိမ်းရန် ကျင်းပပြုလုပ်မည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ ပါဝင်ယှဉ်ပြိုင်နိုင်ရေးဆောင်ရွက်ရန်လို

- ❍ သမဝါယမအသင်းများကို အမှန်တကယ် လုပ်ကိုင်သူများ စုပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆက်လက်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်
- ❍ အလားတူ စက်မှုလုပ်ငန်းများကို ပြန်လည် အားပေးဆောင်ရွက်ပြီး ပြည်တွင်း၌ လူသုံးကုန်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း များ လုံလောက်စွာထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖြည့်စွက်ဆွေးနွေးစဉ်။

❊ *ရှေ့ဖုံးမှ*

ဦးစွာ အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဝန်ကြီးဌာန အလိုက်ရည်မှန်းချက်နှင့် ဦးတည်ချက်၊ လုပ်ငန်းတာဝန်၊ လုပ်ငန်းများဆောင်ရွက်နေမှု၊ တိုးတက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို Powerpoint ဖြင့် ရှင်းလင်း တင်ပြကြသည်။

**တိုက်တွန်းနှိုးဆော်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကဏ္ဍတစ်ခုချင်းအလိုက် ပြန်လည်သုံးသပ်ဆွေးနွေး ရာတွင် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သတင်းများမှန်ကန်ရန်နှင့် မြန်ဆန်ရန် လိုအပ်ကြောင်း၊ သတင်းမှန်များကို ပြည်သူများသိရှိစေရေး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန်လိုကြောင်း၊ မြန်မာ့ရိုးရာ ဂီတနှင့် အနုပညာယဉ်ကျေးမှုများကို ထိန်းသိမ်းရန် ကျင်းပပြုလုပ်မည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ အထွေထွေ ဗဟုသုတ ကြွယ်ဝစေရန်အတွက် စာပေများ ဖတ်ရှုနိုင်ရေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်ကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှင်းလင်းတင်ပြစဉ်။

**ပိုမိုအကျိုးဖြစ်ထွန်းစေမည်**

စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံမျိုးကွဲများ များပြားသည့်အတွက် ရောင်းချမှုနှင့် စီမံခန့်ခွဲမှုများတွင် အခက်အခဲရှိသဖြင့် မျိုးကွဲများ နည်းပါးစေရေး တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ အမျိုးတူ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို နည်းစနစ်တကျ စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းများ ကောင်းမွန်တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင် စီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် လိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်ယန္တရားများဖြင့် စနစ်တကျဆောင်ရွက်နိုင်ရေး ဧကကွက်များ ဖော်ထုတ်ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများတွင်လည်း လှောင်မွေးသည့်စနစ်ဖြင့် မွေးမြူမည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ငါးသယံဇာတများ ပြုန်းတီးမှုလျော့နည်းစေရန်အတွက်လည်း တာဝန်ရှိသူများ အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

သမဝါယမလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင် စီမံကိန်းအနေဖြင့်လည်း အောင်မြင်တိုးတက်မှုများ ရှိကြောင်း၊ သမဝါယမအသင်းများကို အမှန်တကယ် လုပ်ကိုင်သူများ စုပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆက်လက်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ စက်မှုလုပ်ငန်းများကို ပြန်လည်အားပေးဆောင်ရွက်ပြီး ပြည်တွင်း၌ လူသုံးကုန်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လူဦးရေနှင့် သန်းခေါင်စာရင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပူးပေါင်းဆောင်ရွက်၍ စာရင်းများ မှန်ကန်စွာကောက်ယူနိုင်ရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်များ တက်ရောက်ရာတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များသို့ ကျောင်းသား၊ ကျောင်းသူများ ပိုမိုတက်ရောက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

**ရေရှည်အတွက် စဉ်းစား**

စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းများ တည်ဆောက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ရန်နှင့် လမ်းအင်္ဂါရပ်များနှင့်လည်း ညီညွတ်ရန်လိုကြောင်း၊ လမ်းနယ်များကို စနစ်တကျ သတ်မှတ်ထားရှိနိုင်ရေး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရေကြီးရေလျှံမှု မဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျရှိစေရေး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပင်စင်ယူချိန်တွင် နေထိုင်ရန်အိမ်ရာများရှိရန်နှင့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများရရှိရန် လိုအပ်သကဲ့သို့ ပြည်သူများအတွက်လည်း တန်ဖိုးသင့်အိမ်ရာများ ရရှိရန် လိုအပ်သဖြင့် ရေရှည်အတွက် စဉ်းစား၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်း**

တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည် ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းသားများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်း ဆောင်ရွက်ရန်လိုသကဲ့သို့ မြန်မာစာပေ၊ မြန်မာစကားနှင့် မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် ကောင်စီဝင်များနှင့် တွဲဖက်အတွင်းရေးမှူးတို့က သတင်းထုတ်ပြန်မှုများကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရေး၊ ပြည်သူ့လုံခြုံရေးစနစ် တည်ဆောက်ရေး၊ CRPH ၊ NUG နှင့် ၎င်းတို့၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှု၊ တည်ငြိမ်အေးချမ်းရေးအတွက် သတင်းများဖော်ထုတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်ကာလအတွင်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် လုံခြုံရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ၊ သံဃာတော်များနှင့် သီလရှင်များ ထိခိုက်သေဆုံးခဲ့ရမှုအခြေအနေ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်း၍ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်သွားမည့်အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်မှု၊ *စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မှု၊ ကိုဗစ်ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိနေသူများ ဆက်လက်ထိုးနှံနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သက်ဆိုင်ရာအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရေး၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရန် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရေး၊ ဦးတည်ချက် (၅) ရပ်ပါ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံသားဖြစ်ခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်များ ရရှိစေရေးနှင့် နိုင်(၄)၊ ပုံစံ ၆၆/၆ စာရင်းဇယားများ ကွန်ပျူတာတွင် ထည့်သွင်းမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိရာ အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့်ပူးပေါင်းဆောင်ရွက်သွားကြရေး၊ ဒေသအလိုက် တာဝန်ရှိသူများက သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရန် ကြပ်မတ်ဆောင်ရွက်သွားရေး၊ ပြည်ထောင်စုအဆင့် အခမ်းအနားများကိုလည်း အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လစ်ဟင်းမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

**လုပ်ပိုင်ခွင့်များ ပေးထားပြီးဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ဆွေးနွေးခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို သိရှိရကြောင်း၊ နောင်တွင်လည်း အစည်းအဝေးများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ဆောင်ရွက်ချက်များကို အပြန်အလှန်သိရှိရခြင်းဖြင့် ခြုံငုံသုံးသပ်ဆောင်ရွက်နိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိစေကြောင်း၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် မူတည်၍ ရဲရဲတင်းတင်းဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဆောင်ရွက်ရန် အခက်အခဲရှိသည့် ကိစ္စရပ်များကိုလည်း တင်ပြ၍ ပြင်ဆင်ရန် လိုအပ်သည်များကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်၍ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် လုပ်ပိုင်ခွင့်များ ပေးထားပြီးဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

အစိုးရတစ်ရပ်သည် ပြည်သူလူထုနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံ၏ စီးပွားရေးခိုင်မာရေးကိုလည်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအခင်းအကျင်းကို ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုအခါ စီးပွားရေးကိုလည်း အရှိန်အဟုန်မြင့်အောင် ဆောင်ရွက်လျက်ရှိပြီး မိမိတို့မျှော်မှန်းထားသည့်အတိုင်း နိုင်ငံတော်ကို တည်ဆောက်နိုင်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ယခုလာမည့် ၆ လအတွင်း နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားရန်လိုကြောင်း။

**ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်**

ပညာရေးနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအားလုံးကို ပညာသင်ကြားပေးရာတွင် အတန်းအောင်မြင်ရေးထက် အမှန်တကယ် တတ်မြောက်ရေး သင်ကြားပေးရန်လိုကြောင်း၊ အတန်းအောင်မြင်သော်လည်း စာတတ်မြောက်ခြင်းမရှိသဖြင့် စဉ်းစားတွေးခေါ်မှုများတွင် အားနည်းချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်းပြည်ပမီဒီယာများကလည်း ယင်းကို အမြတ်ထုတ်ကြသည်ကိုတွေ့ရကြောင်း၊ မှန်ကန်သည့်ပညာတတ်များဖြစ်စေရေး ပျိုးထောင်ပေးရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်ပေးရန် လိုကြောင်း။

တက္ကသိုလ်ပညာသင်ကြားရေးတွင် တက္ကသိုလ်မှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဘွဲ့ရပြီးချိန်၌ အတတ်ပညာနှင့်ပတ်သက်သည့် လူမှုရေး၊ ကျွမ်းကျင်မှုပညာရပ်များကို အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်း တတ်မြောက်သည့် ပညာရပ်များကို အသုံးချနိုင်မှုသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည်များကို ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တက္ကသိုလ်များတွင် ပတ်ဝန်းကျင်ကောင်းများရှိစေရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း။

**ကျန်းမာမှ အလုပ်လုပ်နိုင်မည်**

ပြည်သူများ၏ ကျန်းမာရေးသည်လည်း အရေးကြီးကြောင်း၊ ထို့ကြောင့် ကိုဗစ် –၁၉ ရောဂါ ကာကွယ်ဆေးများ ပြည့်ဝစွာထိုးနှံနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာနိုင်ရေးအတွက် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မပေါ့ဆစေလိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက် စားရေရိက္ခာ ပြည့်ဝစွာ စားသုံးနိုင်ရန်လိုကြောင်း၊ စားရေရိက္ခာပြည့်စုံမှု မရှိပါက ကျန်ရှိသည့်ကိစ္စရပ်များကိုလည်း ထိခိုက်လာနိုင်သည့်အတွက် စားရေရိက္ခာပေါများရေးအတွက် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားနေခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်သည် ကြိုတင်မှန်းဆ၍ မရနိုင်ဘဲ အချိန်မရွေးဖြစ်ပေါ်လာနိုင်သောကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် သတိပေးပြောကြားလိုကြောင်း၊ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရန် ရေစီးရေလာများ ကောင်းမွန်စေရေး ဒေသအလိုက် နှိုးဆော်တိုက်တွန်း၍ လူထုအားဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

**ဒေသအလိုက် ဘက်ပေါင်းစုံမှစဉ်းစား**

တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းအားထုတ်ပေးကြစေလိုကြောင်း၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက မအောင်မြင်စရာမရှိကြောင်း၊ ဒေသအလိုက် ဘက်ပေါင်းစုံမှစဉ်းစား၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် လုပ်ငန်းများအောင်မြင်စေရေးအတွက် ယခုကဲ့သို့ တိုက်တွန်းပြောကြားခြင်းဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ **သဘာဝဘေးအန္တရာယ်သည် ကြိုတင်မှန်းဆ၍မရနိုင်ဘဲ အချိန်မရွေးဖြစ်ပေါ်လာနိုင်သောကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် သတိပေးပြောကြားလိုကြောင်း၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် ရေစီးရေလာများကောင်းမွန်စေရေး ဒေသအလိုက် နှိုးဆော်တိုက်တွန်း၍ လူထုအားဖြင့် ဆောင်ရွက်**

❖ **ဝန်ထမ်းများအနေဖြင့် ပင်စင်ယူချိန်တွင် နေထိုင်ရန် အိမ်ရာများရှိရန်နှင့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများရရှိရန် လိုအပ်သကဲ့သို့ ပြည်သူများအတွက်လည်း တန်ဖိုးသင့်အိမ်ရာများရရှိရန် လိုအပ်သဖြင့် ရေရှည်အတွက်စဉ်းစား၍ ဆောင်ရွက်ပေးရမည်**

# မြိတ်ခရိုင်ရှိ မြို့နယ်လေးခု သဘာဝဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

မြိတ် ဩဂုတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း မြို့နယ်လေးမြို့နယ်တွင် ရာသီကာလအလိုက် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များ၊ နေရာဒေသအလိုက် ဖြစ်နိုင်သော ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်းဖြင့် ဘေးဒဏ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်သော ရပ်ရွာအသိုက်အဝန်းတစ်ခုဖြစ်ရန် ပြည်သူများက ပါဝင်ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွေးနွေးစိုးက ပြောသည်။



သဘာဝဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်နေစဉ်။

"ကျွန်မတို့ဦးစီးဌာနက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းတွေနဲ့ပတ်သက်ပြီး သဘာဝဘေးမဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ခြင်း၊ ရပ်ကွက်၊ ကျေးရွာတွေနဲ့ စာသင်ကျောင်းတွေမှာ သဘာဝဘေးနဲ့ပတ်သက်တဲ့ အသိပညာပေးဟောပြောခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းတွေ ဖွင့်လှစ်ပေးခြင်းနဲ့ ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ရတဲ့ သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းတွေလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ သဘာဝဘေးဖြစ်ပွားတဲ့အချိန်မှာလည်း အရေးပေါ်စားနပ်ရိက္ခာတွေ၊ ကယ်ဆယ်ရေးပစ္စည်းတွေ၊ အိမ်ဆောက်ပစ္စည်းတွေနဲ့ ဆန်ရိက္ခာဖိုးငွေတွေ အပြင် သဘာဝဘေးကြောင့် သေဆုံး၊ ဒဏ်ရာရသူတွေအတွက် ထောက်ပံ့ပေးခြင်းလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘေးဖြစ်ပွားပြီးတဲ့နောက်မှာ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာ ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနများက သဘာဝဘေးနှင့်ပတ်သက်၍ ပြည်သူများအား အသိပညာပေးခြင်း၊ ဟောပြောခြင်း၊ သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းများ၊ လူစည်ကားရာ နေရာများတွင် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

"မြိတ်ခရိုင်တွင်းက မြိတ်၊ ပုလော၊ ကျွန်းစု၊ တနင်္သာရီမြို့နယ်တွေမှာ ပြည်သူတွေ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့လာရပါက ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိအောင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလကနေ ယနေ့အထိ ဦးစီးဌာနအနေနဲ့ သဘာဝဘေးအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ခရိုင်အတွင်း အသိပညာပေးဟောပြောပွဲ ၂၁ ကြိမ်၊ သင်တန်း တစ်ကြိမ်နဲ့ သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်း တစ်ကြိမ်တို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြိတ်ခရိုင်အတွင်း ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ သဘာဝဘေးဒဏ်ကြောင့် လူနေအိမ်ပြိုကျ/တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အိမ်ပေါင်း ၁၀၁ အိမ်မှ အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ငွေကျပ် ၁၆၇ သိန်းကျော်ကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၅ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၆ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)**
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာဝါဝါမောင် အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## လက်တွေ့လုပ်ငန်းတွင် အသုံးချနိုင်သည့်အထိသင်ယူပြီး မိမိဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်အောင် အသုံးချ

**နေပြည်တော် ဩဂုတ် ၁၀**

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မီဒီယာနှင့် သတင်းအချက်အလက် ဆိုင်ရာ သိနားလည်မှု (Media and Information Literacy) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးရဲတင့်က မီဒီယာနှင့် သတင်းအချက်အလက် ဆိုင်ရာ သိနားလည်မှုဆိုသည်မှာ မီဒီယာနှင့် သတင်းအချက်အလက်တို့တွင် ပါရှိသည့် အကြောင်းအရာများကို ရယူအသုံးပြုနိုင်ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ ဖန်တီးခြင်း၊ မျှဝေခြင်းနှင့် အသုံးပြုခြင်းတို့ဖြစ်ကြောင်း။

ယခုသင်တန်းတွင် သင်ကြားသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းတွင် အသုံးချနိုင်သည့်အထိ သင်ယူပြီး မိမိဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ရေး လုပ်ငန်းများတွင် အကျိုးရှိ ထိရောက်အောင် အသုံးချကြရမည်ဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ အသိပညာ၊ ဗဟုသုတများကိုလည်း သင်တန်းတက်ရောက်ခွင့် မရရှိသည့် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများကိုလည်း ထပ်ဆင့်မျှဝေပေးစေလိုပါကြောင်း။

သင်တန်းသားများအနေဖြင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို အောင်မြင်အောင် ကြိုးစားသင်ယူပြီး လက်တွေ့လုပ်ငန်းတွင် အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။



ယခုဖွင့်လှစ်သည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းကို ဩဂုတ် ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း ၃၁ ဦး တက်ရောက်ကြမည် ဖြစ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းနည်းပြများက မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု မိတ်ဆက်/နောက်ခံ သမိုင်း ဘာသာရပ်၊ မြန်မာနိုင်ငံ၏ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု မူဘောင်နှင့် ဂေဟစနစ်ဘာသာရပ်၊ သတင်းဆိုင်ရာသိနားလည်မှု ဘာသာရပ်၊ သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု (အခြေခံပုံစံ ၇ မျိုး) ဘာသာရပ်၊ သတင်းအချက်အလက်မှားများ၊ လုပ်ကြံသတင်း၊ မသမာသတင်းနှင့် အမုန်းစကားများ ပျံ့နှံ့ရာ လူမှုမီဒီယာများ ဘာသာရပ်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဘာသာရပ်၊ အမုန်းစကားများနှင့် ယင်း၏ အကျိုးသက်ရောက်မှုများ ဘာသာရပ်နှင့် အချက်အလက်များ စစ်ဆေးခြင်း ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တနသ်ာရီမြို့နယ်၌ ပဝချောင်းရေလျှံတက်၍ ကျောင်းလေးကျောင်း ယာယီပိတ်ထားရ

**တနသ်ာရီ ဩဂုတ် ၁၀**

ဩဂုတ်လ ပထမပတ်အတွင်း တနသ်ာရီမြို့နယ်၌ မိုးရွာသွန်းမှုများပြားခဲ့သဖြင့် ပဝချောင်းရေလျှံတက်လာပြီး ပဝအုပ်စုအတွင်းရှိသာယာကုန်းတောင်ကျေးရွာ၊ အင်းဝိုင်းကုန်းကျေးရွာ၊ ဖိုးမဲကျေးရွာနှင့် ပဝထိန် ကျေးရွာများရှိ ကျေးရွာတွင်းလမ်းအချို့နှင့် မြေအနိမ့်ပိုင်းရှိ နေအိမ်ခြံဝင်းများအတွင်း ဩဂုတ် ၉ ရက်အထိ ရေများဝင်ရောက်လျက်ရှိကာ အခြေခံပညာကျောင်း လေးကျောင်းကိုလည်း ယာယီပိတ်ထားရကြောင်း ဒေသခံများထံမှ သိရသည်။



ချောင်းရေကြီးနေခြင်းကြောင့် ကျောင်းသားကျောင်းသူများ အန္တရာယ်မဖြစ်ပွားစေရေးအတွက် အလက(ခွဲ)-သာယာကုန်း(တောင်)၊ အမက ဖိုးမဲရွာ၊ အမက-အင်းဝိုင်းကုန်းနှင့် အမက-ပဝထိန်ရွာ အခြေခံပညာကျောင်းများကို သက်ဆိုင်ရာကျောင်းအုပ်ဆရာ ဆရာမကြီးများက မြို့နယ်ပညာရေးမှူးထံ သတင်းပို့၍ ယာယီပိတ်ထားခဲ့ခြင်းဖြစ်ကာ ကျောင်းပိတ်ထားရသည့်ရက်များအတွက် အဖိတ်/ဥပုသ် ကျောင်းပိတ်ရက်များတွင် အစားထိုးပြန်လည်သင်ကြားပေးရန် စီစဉ်ထားကြောင်း သိရသည်။

ယာယီပိတ်လိုက်ရသည့် ကျောင်းများဖြစ်သော အလက(ခွဲ) - သာယာကုန်း (တောင်)ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၅၃ ဦး၊ အမက ဖိုးမဲရွာတွင် ကျောင်းသား ကျောင်းသူ ၉၀၊ အမက-အင်းဝိုင်းကုန်းတွင် ၁၈၁ ဦး၊ အမက-ပဝထိန်ကျောင်းတွင် ၁၅၇ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မဒေါက်မြို့တွင် ၅ ဒသမ ၄၃ လက်မ၊ ရွှေကျင်မြို့တွင် ၅ ဒသမ ၀၈ လက်မ၊ ဘားအံ (စိုက်ပျိုးရေး မိုးလေဝသ) တွင် ၄ ဒသမ ၀၆ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၂ ဒသမ ၇၉ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၇၁ လက်မနှင့် ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၆၁ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ပုသိမ်ကြီးမြို့နယ်ရှိ အိမ်ရှေ့မင်း ထန်းတောကို ယူနက်စကိုမှတ်တမ်းဝင်နိုင်ရေး သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင်ရှိသော နှစ်ပေါင်း ၁၆၀ ဝန်းကျင်က ကနောင်မင်းသားကြီး စိုက်ပျိုးခဲ့သော အိမ်ရှေ့မင်း ထန်းတောကို ယူနက်စကို မှတ်တမ်းဝင် ထိန်းသိမ်းနိုင်ရေးအတွက် မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ၂၀၁၈ ခုနှစ်မှစတင်၍ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



အိမ်ရှေ့မင်း (ကနောင်မင်းသားကြီး) မှ ၎င်း၏ သားတော်သမီးတော်များအား ယင်းဒေသတစ်ဝိုက်တွင် နေရာသတ်မှတ်၍ ထန်းပင်များ စိုက်ပျိုးစေခဲ့ရာ ထန်းပင်ပေါင်း နှစ်သောင်းကျော်ရှိခဲ့သော်လည်း နှစ်ကာလကြာရှည်ခဲ့ပြီဖြစ်၍ ယခုအချိန်တွင် ထန်းပင်ပေါင်း ခြောက်ထောင်ကျော်သာကျန်ရှိကြောင်း မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာကလျာလူက ပြောသည်။

“ထန်းပင်တွေကို အကွက်နေရာချပေးပြီး ကျောက်စာတိုင်လေးတွေနဲ့ စိုက်ခဲ့တာဖြစ်လို့ ယနေ့အထိ တွေ့နိုင်ပါတယ်၊ မင်္ဂလာ ထန်းတောဖြစ်တယ်။ ထန်းပင်မရှိရင် မင်္ဂလာမရှိဘူးဆိုတဲ့ ဒေသခံတွေရဲ့အစွဲအလမ်းရှိကြသလို ထန်းပင်တွေလာဝယ်တာတောင် ခုတ်လှဲမရောင်းကြဘဲ ထိန်းသိမ်းကြလို့ ထန်းပင်အစုလိုက်တွေ့ရတယ်။ တစ်ဦးဆိုရင် သူ့မြေကွက်ထဲမှာ အပင်တစ်ထောင်လောက်တောင် ရှိတယ်။Tangible and Intangible Heritage Culture ရှိရာမှာ ထန်းပင်းတွေကို လက်ဆုပ်လက်ကိုင်ပြနိုင်တာဖြစ်လို့ ယူနက်စကိုမှတ်တမ်းဝင်ဖို့ ဆောင်ရွက်နေတာပါ” ဟု ၎င်းကပြောသည်။

အိမ်ရှေ့မင်း ထန်းတောမှ ထန်းပင်များကို ခွတ်ခွဲခြင်းနှင့် ဒေသဝန်းကျင်လူမှုစီးပွား သုတေသန ဆောင်ရွက်ခဲ့ကြရာ ထိုထန်းပင်များမှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်၍ အပင်၏ အနာရွတ် (Sacrs) များ မရှိတော့ခြင်း၊ အပင်ပွေး နှစ်ထပ်ရှိခြင်းနှင့် ထန်းလက်နေရာများမှ နှစ်ကွင်း (ထန်းပင်အသက်) များအရ လွန်ခဲ့သောနှစ်ပေါင်း ၁၆၀ ကျော် ရတနာပုံခေတ်က ထန်းပင်များဖြစ်သည်ဟုသိရှိနိုင်ကြောင်း သိရသည်။

“အိမ်ရှေ့မင်း ထန်းတောက ထန်းပင်တွေမှာ အပွေး နှစ်ထပ်ရှိတယ်။ နှစ်ပေါင်းများစွာ ကြာခဲ့တော့ ထန်းရွက်တစ်ရွက်ကြွေသွားရင် Scar လို့ခေါ်တဲ့ အမာရွတ်ကျန်ခဲ့တယ်။ သူမှာပါတဲ့ နှစ်ကွင်းတွေအရ နှစ်ပေါင်း ၁၆၀ ဝန်းကျင်ဆိုတာ ခန့်မှန်းနိုင်လို့ ရတနာပုံခေတ်က စိုက်ခဲ့တာလို့ ပြောနိုင်တယ်။ Community base Conservation (အစုအဖွဲ့ကို အခြေခံထိန်းသိမ်းရေး) ဆိုတာ ဘယ်သူမှမခိုင်းဘဲ သူတို့ဘာသာ ထိန်းသိမ်းတာဖြစ်လို့ အလွန်ထူးခြားတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယူနက်စကို ထိန်းသိမ်းမှုစာရင်းဝင်ရောက်နိုင်ရေးအတွက် မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာန၊ မနုဿဗေဒဌာန၊ သမိုင်းဌာနနှင့် ရှေးဟောင်းယဉ်ကျေးမှု ဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး သုတေသန ရလဒ်များအရ အိမ်ရှေ့မင်း ထန်းတောမှ ထန်းသီးများသည် အချိုအဆင့် ၁၃ ရှိသည့်အတွက် မြန်မာနိုင်ငံတွင် အကောင်းဆုံးအရသာရှိပြီး အခြားကောင်းမွန်သော ခွတ်ခွဲတွေ့ရှိချက်များကြောင့် ဒေသခံများအတွက် လူမှုစီးပွားရေးအထောက်အကူပြု စားသောက်ကုန်ထုတ်ခြင်း စသည့်လုပ်ငန်းများ ဖော်ဆောင်ပေးရန် ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြောင်းမြမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး(ရက်တို) သင်တန်း ခရိုင်အဆင့်ဖွင့်လှစ်

**မြောင်းမြ ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ် (၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ပုသိမ်)က ဖွင့်လှစ်သည့် မြောင်းမြခရိုင်အဆင့် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး (ရက်တို) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြောင်းမြမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး မြရွှေဝါခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက နှစ်စဉ်ကမ္ဘာ့လူဦးရေ ၏ ၂၁ ဒသမ ၆ သန်းသည် လူကုန်ကူးခံနေရကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ခေတ်ကာလနှင့် လိုက်လျောညီထွေမှု မရှိသည့်အတွက် ၂၀၂၂ခုနှစ် ဇွန်လတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့ကို လူကုန်ကူးမှုဖြစ်စဉ်များ ဖြစ်ပွားပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သင်တန်းများ ဖွင့်လှစ်ပို့ချရန် လိုအပ်သဖြင့် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သင်တန်းနည်းပြ ဒုတိယရဲမှူး ကျော်မျိုးသိန်းက သင်တန်းတွင် သင်ကြားမည့်အကြောင်းအရာခေါင်းစဉ်များကို သင်တန်းအချိန်ဇယားနှင့်တကွ ရှင်းလင်းဖတ်ကြားသည်။ သင်တန်းသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်တို့မှ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



**မြောင်းမြခရိုင်(ပြန်/ဆက်)**

## အားအနည်းငယ်ရှိသော လာနီညာအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်များ ခန့်မှန်းချက်အရ ဩဂုတ်လအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာ ဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ဘင်္ဂလား ပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာ ဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန် ပေးပို့သွားမည်ဖြစ်သည်။ **မိုး/ဇလ**

✪ *ကျောဖုံးမှ*

အဆိုပါ အပူပိုင်းမုန်တိုင်း “မူလန်” ၏ အရှိန်ကြောင့် ဩဂုတ် ၁၁ ရက်မှ ၁၄ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။ **မိုး/ဇလ**

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ ပြောင်းလဲမှုကို အထူးသတိထား စောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ် ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

# တာချီလိတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် တင်ကျန်ခဲ့သော ရွှံ့နွံများကို စည်ပင်သာယာရေးဌာနနှင့် ပြည်သူများ ပူးပေါင်းရှင်းလင်း

**တာချီလိတ် ဩဂုတ် ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြေနိမ့်ပိုင်းနေရာ အနှံ့အပြား ရပ်ကွက်နေအိမ် အများအပြားနှင့် စာသင်ကျောင်းတို့တွင် ရွှံ့နွံများ တင်ကျန်ခဲ့ရာ စည်ပင်သာယာရေးဌာနနှင့် ပြည်သူများ ပူးပေါင်းရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၈ ရက်က စံချိန်တင်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်း ရပ်ကွက်များနှင့် လူနေအိမ်အများအပြား၊ စာသင်ကျောင်းတို့တွင် ရေဝင်ရောက်ခဲ့ပြီး ရွှံ့နွံများ တင်ကျန်ခဲ့ရာ စည်ပင်သာယာရေးဌာနမှ ဦးဆောင်၍ ရပ်ကွက်နေပြည်သူများက ပူးပေါင်းရှင်းလင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ၌ ယနေ့နံနက် ၉ နာရီတွင် တာလေ့ရပ်ကွက်အတွင်းရှိ လမ်းများနှင့်တာလေ့ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ ကျောင်းဝင်းအတွင်း ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သော ရွှံ့မြေများကို ဆေးကြောခြင်းနှင့် သန့်ရှင်းရေး ပြုလုပ်ခြင်းများကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက ပူးပေါင်းရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဆေး (ပြန်/ဆက်)



# ဟိုပုံးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းမပေါ်သို့ မြေစာပြိုကျမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး

**ဟိုပုံး ဩဂုတ် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် စငေါ်ကျေးရွာ အုပ်စုအတွင်းရှိ စငေါ်-စအွန် ကျေးရွာချင်းဆက် လမ်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းမပေါ်သို့ မြေစာပြိုကျခြင်းနှင့် Box Culvert တစ်စင်းပြိုကျမည့် အခြေအနေများကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက် ၈ နာရီက ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်တွင် ဩဂုတ် ၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စငေါ်ကျေးရွာ အုပ်စုအတွင်းရှိ စငေါ်-စအွန် ကျေးရွာ ချင်းဆက်လမ်း မိုင်တိုင် ၂၆ မှ မိုင်တိုင် ၂၇ ကြားတွင် မြေစာပြိုကျမှု ဖြစ်ပွားပြီး Box Culvert တစ်စင်းပြိုကျမည့် အခြေအနေ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် စအွန်-ခိုလပ်ကျေးရွာချင်းဆက် လမ်းတွင် တောင်ပြိုကျမှုကြောင့် ကျေးရွာချင်းဆက် လမ်းပေါ်သို့ မြေစာပြိုကျမှုများ ဖြစ်ပွားလျက်ရှိပြီး မော်တော်ယာဉ်များ သွားလာ၍မရသဖြင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများက သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



တာချီလိတ်မြို့၌ စည်ပင်သာယာရေးဌာနနှင့် ပြည်သူများ ပူးပေါင်းပြီး တင်ကျန်ခဲ့သော ရွှံ့နွံများကို ရှင်းလင်းနေစဉ်။

# မြိတ်မြို့ မြိတ်တောင်ရပ်ကွက်၌ မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုကြောင့် နေအိမ်ပြိုကျပျက်စီးသွားသော အိမ်ထောင်စုအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**မြိတ် ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ရပ်ကွက် ဘုရားကိုင်ရပ်၌ မိုးသည်းထန်စွာ ရွာသွန်း၍ မြေပြိုကျမှုကြောင့် နေအိမ်



ပျက်စီးသွားသော အိမ်ထောင်စုအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူးရုံးမှ ကယ်ဆယ်ရေးပစ္စည်းများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက သွားရောက်ထောက်ပံ့ခဲ့ကြသည်။

ဘေးသင့်အိမ်ထောင်စုအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ဆောက် ပစ္စည်းဖိုးငွေကျပ် တစ်သိန်း၊ ကယ်ဆယ် ရေးပစ္စည်း ၁၆ မျိုး၊ ဘေးသင့်အိမ်ထောင်စုရှိလူဦးရေငါးဦးအတွက် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုး ငွေကျပ် ၁၀၅၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသောင်းအေး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးဝန်ထမ်းများက သွားရောက်ထောက်ပံ့ခဲ့ကြသည်။

မြိတ်တောင်ရပ်ကွက် ဘုရားကိုင်ရပ် ရွှေတောင်ကြားလမ်း ဓမ္မရိပ်သာဘုန်းတော်ကြီးကျောင်း အနောက်ဘက်တွင် ယမန်နေ့ နေ့လယ်ပိုင်းက မိုးသည်းထန်စွာရွာသွန်း၍ တောင်မြေပေ ၃၀ ခန့်သည် ပြိုကျမှုဖြစ်ပွားခဲ့ပြီး မြေပြိုမှုကြောင့် အလျား ၁၅ ပေ၊ အနံ ၁၈ ပေခန့်ရှိ ခနိမိုး၊ ယိုင်ကာ နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရ သေဆုံးမှု မရှိကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

# ဆီဆိုင်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေတက်မှုကြောင့် နှမ်းစပါး၊ မိုးစပါးရေကြီးနစ်မြုပ်

**ဆီဆိုင် ဩဂုတ် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ဩဂုတ် ၅ ရက်မှ ၈ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး နမ့်တဘက်ချောင်းရေတက်မှုကြောင့် နှမ်းစပါး၊ မိုးစပါး ရေကြီးနစ်မြုပ်မှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပုံးအင်းကျေးရွာအုပ်စုနှင့် နောင်မွန်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းပေါင်း ရှစ်ကွင်းမှ တောင်သူပေါင်း ၁၈၇ ဦး၏နှမ်းစပါးစိုက်ဧရိယာ ၄၀၈ ဒသမ ၄၉ ဧကနှင့် ကွင်းပေါင်း ကိုးကွင်းမှ တောင်သူပေါင်း ၂၅၀ ၏ မိုးစပါးစိုက်ဧရိယာ ၅၉၀ ဒသမ ၉၃ ဧကတို့မှာ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ထိခိုက်၊ ပျက်စီး၊ ဆုံးရှုံးမှုအခြေအနေများကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ ရပ်/ကျေးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မျိုးမြတ်(ဆီဆိုင်)

# ကချင်ပြည်နယ်အတွင်း မိုးစပါးစိုက်ဧက ၄၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မြစ်ကြီးနား ဩဂုတ် ၁၀**

ကချင်ပြည်နယ်အတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးရန် ၄၉၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဇူလိုင်လကုန်အထိ ၄၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ဩဂုတ်လ ဒုတိယပတ်ခန့်တွင် လျာထားချက်ရာခိုင်နှုန်းအပြည့် စိုက်ပျိုးပြီးစီးနိုင်မည်ဟု ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးအောင်လွင်ဦးထံမှ သိရသည်။

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စံပြကွက်များ စိုက်ပျိုးပြသခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများနှင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်အတွင်း ကချင်ပြည်နယ်တွင် မိုးများ၍ ရေကြီးရေလျှံ ဖြစ်ပွားမှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါးဧက ၁၉၂၃ ဧကရှိကြောင်းနှင့် အဆိုပါပျက်စီးဆုံးရှုံးမှုများအတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့်အညီ ကူညီထောက်ပံ့ပေးနိုင်ရေး တင်ပြဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယော်ဆောင်(ပြန်/ဆက်)



# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



**နေပြည်တော် သြဂုတ် ၁၀**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ကျင်းပ



**နေပြည်တော် သြဂုတ် ၁၀**

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူး တံခွန်စိုက်ဒိုင်း (အမျိုးသား၊ အမျိုးသမီး) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းက တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစား သမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက်တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ ပြိုင်ပွဲအမျိုးအစားအလိုက် ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသား၊ အမျိုးသမီး အသင်း ၈ သင်းစီဖြင့် သြဂုတ် ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် သြဂုတ် ၁၀

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် စေတနာရှင် အလှူရှင်များက လားရှိုးမြို့နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းမှူးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး **(အပေါ်ပုံ)** ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်အတွင်း နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက မိတ္ထီလာမြို့ရှိ နယ်မြေခံရဲတပ်ဖွဲ့ခွဲနှင့် တောင်တွင်းကြီး တပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်းတို့၌ သွားရောက်တွေ့ဆုံပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဂုဏ်ပြု ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် သြဂုတ် ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၈၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၂၈၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၆၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၈၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၃၇၆ ဦး၊ ရခိုင်ပြည်နယ် မင်းပြားမြို့နှင့် ကျောက်ဖြူမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၇၆ ဦး နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၂၂၃၅၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ကျီရီးယန်းတောင် အမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ်အတွင်းရှိ ဧရိယာ ဧက ၆၈၀၄ ဒသမ ၅၀ ကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အတွက် ကျီရီးယန်းတောင် အမျိုးသားဥယျာဉ်အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၂၂ အရ) ၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း (၁၂) ရက် (၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်)မှစ၍ သတ်မှတ်ဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။



ကျီရီးယန်းတောင်သည် ချင်းပြည်နယ်တွင် ထင်ရှားသော ကျောက်တောင်ကြီးတစ်ခုဖြစ်ပြီး ထန်တလန်မြို့မှ ၄၃ မိုင်ခန့်အကွာတွင် တည်ရှိ၍ ဟားခါး – ထန်တလန် – ဆာဆီချောက် ကားလမ်းမကြီးဖြင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ကားလမ်းပေါက်ပြီး ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာ အပန်းဖြေနိုင်သော နေရာဖြစ်ခြင်း၊ သစ်ပင်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝခြင်း၊ ဘူမိရုပ်သွင်ထူးခြားသောဒေသဖြစ်ခြင်းတို့ကြောင့် ကာကွယ်ထိန်းသိမ်းရန်ရည်ရွယ်၍ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်သည်။

အမျိုးသားဥယျာဉ်အတွင်း ချင်းပြည်နယ်၏ အမှတ်အသားသင်္ကေတဖြစ်သော တောင်ဇလပ်ဖြူ၊ တောင်ဇလပ်နီနှင့် ချယ်ရီပင်များ ပေါက်ရောက်ပြီး သဘာဝတောအနေအထားများ ကောင်းမွန်ခြင်း၊ မျိုးသုန်းရန်အန္တရာယ်ရှိသည့် တောဆိတ်၊ တောင်ဆိတ်၊ ကျားသစ်နှင့် သင်းခွေချပ် စသည့်တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်ခြင်း၊ ဘူမိရူပသွင်ပြင်ထူးခြားသည့် သဘာဝ ကျောက်ဆောင်ကျောက်တန်းများနှင့် ရေတံခွန်များတည်ရှိခြင်းနှင့် ရှည်လျားပြီး လူတစ်ရပ်ခန့်မြင့်သည့် လိုဏ်ဂူအတွင်း သေးငယ်သည့် လင်းနို့များစွာ တွေ့ရှိရခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ စုံလင်သဖြင့် ကျီရီးယန်းတောင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရန် ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေရန်လိုအပ်

ရန်ကုန် ဩဂုတ် ၁၀

**ရန်ကုန် ငါးဈေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ရေထွက်ကုန်မျိုးစုံ ဝင်ရောက်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန် ရေလမ်းကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင်ပြေရန် လိုအပ်လာကြောင်း သိရသည်။**

"ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက မြန်မာပြည် ရေထွက်ကုန်စားသုံးမှုမှာ ဗဟိုစံပြငါးဈေးနဲ့ ရွှေပီတောက် ငါးဈေးဟာအရေးပါပါတယ်။ ဒီလပိုင်းအတွင်းမှာ ကုန်အဝင်လျော့ကျသွားတယ်။ ရေငန်က ပုံမှန်ရေထရက်မှာ ဝင်နေပေမယ့် ရေချိုမွေးမြူရေး ငါးဝင်ရောက်မှုမှာ အခက်အခဲရှိလာတာက လုံခြုံရေးစနစ်ပိုင်းစိုးရိမ်မှုကြောင့် စက်လှေတွေ မလိုက်ရဲကြတာ တွေ့ရတယ်။ ငါးဈေးကိုကုန်ပို့ရင် တွံတေးတူးမြောင်းဖြတ်သန်းတဲ့အခါမှာ ရေလမ်းခရီးလုံခြုံရေးပိုင်းမှာ အခက်အခဲရှိတဲ့အတွက် လိုက်မယ့်အလုပ်သမားရှားပါးမှုလည်း ကြုံလာရတယ်။ ရေချိုကုန်ပို့တော့မယ်ဆိုရင် အရင်လိုပြိုင်ပြီး မဆင်းလာတော့ဘူး။ ဈေးနှုန်းကို အရင်စုံစမ်းပြီးလမ်းအခြေအနေ စုံစမ်းပြီးမှ ငါးဈေးကို လာကြတာများတယ်။ အရင်လို မြိုင်မြိုင်ဆိုင်ဆိုင်မလာရဲဘဲ ဝယ်လက်နဲ့ တိုက်ရိုက်ချိတ်ပြီးမှ လာကြတာကြောင့် ရေချိုအဝင်ကုန်ချိန်ပိုပြီး လျော့ကျသွားတာလည်းပါတယ်" ဟု Myanmar Food Part Co.,Ltd မှ တာဝန်ခံ ဦးအောင်ကောင်းကြွယ်က ပြောသည်။

ရန်ကုန်ငါးဈေးကွက်သို့ တွံတေးနှင့် မအူပင်မွေးမြူရေးကန်များမှ ငါးကြင်း၊ ရေချိုငါးမုန့်(ပါပူး)၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ တီလားပီးယား၊ ငါးဝက်မ၊ ငါးတန် အများဆုံးဝင်ရောက်ပြီး ရေငန်ငါးအနေဖြင့် ငါး သေတ္တာငါး၊ ငါးတံခွန်၊ ငါးနုပ်၊ ငါးခေါင်းပွ၊ ငါးမုတ်၊ ငါးတန်၊ တိုက်ဂါးပုစွန်နှင့် အခြားရေငန်ပုစွန်များ အဓိကတင်ပို့လျက်ရှိပြီး ရန်ကုန်ဈေးကွက်သို့ ရေချို ထွက်ကုန်များ ဝင်ရောက်ရာ ရေလမ်းခရီးလုံခြုံကောင်းမွန်ပါက ကုန်ကျစရိတ် မြင့်မားသော ကုန်းလမ်းပို့ဆောင်မှုကို လျှော့ချနိုင်မှုဖြင့် ရေချို ထွက်ကုန်များ ယခင်ထက်ပိုမို လှိုင်လှိုင်ဝင်နိုင်မည် ဖြစ်ကြောင်း သိရသည်။



**ညီမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

## ဥသျှစ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ တစ်ထပ်သိပ္ပံကျောင်းဆောင်သစ် တည်ဆောက်ပေးလျက်ရှိ

**ပန်းတောင်း ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ အခြေခံပညာ အထက်တန်းကျောင်း အတွင်း၌ တစ်ထပ် သိပ္ပံကျောင်းဆောင်သစ် တည်ဆောက်လျက်ရှိရာ ဩဂုတ် ၈ ရက်အထိ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

တစ်ထပ်သိပ္ပံကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၇၂ သန်းဖြင့် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်ကို တင်ဒါအောင်သော ကုမ္ပဏီက ဆောက်လုပ်လျက်ရှိပြီး ယခုစာသင်နှစ်အတွင်း ပြီးစီးရန် စီမံကိန်းအင်ဂျင်နီယာ တာဝန်ခံ ဦးထွန်းထွန်းဦးက တာဝန်ယူ ဆောက်လုပ်လျက် ရှိသည်။



တစ်ထပ်သိပ္ပံကျောင်းဆောင်သစ် တည်ဆောက်နေမှုကို တွေ့ရစဉ်။

အဆိုပါ တစ်ထပ်သိပ္ပံကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် တာဝန်ရှိသူများက ဩဂုတ်လ ပထမပတ်က ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## ငဖဲမြို့နယ်၌အိမ်ထောင်စုလူဦးရေစာရင်းများကို ဆော့ဖ်ဝဲပရိုဂရမ်ဖြင့် ရေးသွင်းခြင်း ဆက်လက်ဆောင်ရွက်

ငဖဲ ဩဂုတ် ၁၀

ငဖဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၌ မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ အချက်အလက်များကို ဆော့ဖ်ဝဲပရိုဂရမ်အတွင်း ရေးသွင်းနေမှုနှင့် ပြီးစီးမှုအခြေအနေများကို မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်က ဩဂုတ် ၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြေပြင်လူဦးရေစာရင်းများ ရေးသွင်းရာတွင် အမှားအယွင်းမဖြစ်ပေါ်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငဖဲမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)ပါ အချက်အလက် များကို ဆော့ဖ်ဝဲပရိုဂရမ်အတွင်း ထည့်သွင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၈ ရက်မှ စတင်ဆောင်ရွက်နေပြီး ၃၅ ရက်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ငဖဲမြို့နယ်၌ စာရင်းဖြည့်သွင်းရမည့် အိမ်ထောင်စုပေါင်း ၁၀၈၉၀ ရှိကာ ဩဂုတ် ၉ ရက်အထိ အိမ်ထောင်စုပေါင်း ၇၀၉၄ စုကို ဖြည့်သွင်းပြီး၍ ပြီးစီးမှုရာနှုန်း ၆၅ ဒသမ ၁၄ ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးလွန်း၍ သဒ္ဓါမလွန်ကြစေဖို့ရန် ...

ဒေါက်တာမြတ်မိုး

ယခုလတ်တလောဌာနတွင်း ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ခြင်း (capacity building)နှင့် အပြန်အလှန်ဆွေးနွေးပွဲများ မကြာခဏလုပ်ဖြစ်သည်။ ပြဿနာများကို ချဉ်းကပ်အဖြေရှာနိုင်စွမ်း (problem solving skill) နှင့် critical thinking ဆက်စပ်ပုံ ခေါင်းစဉ်ကို ရွေးချယ်ပြီး ပို့ချဖြစ်သည်၊ ဆွေးနွေးဖြစ်သည်။ မိမိတာဝန်ယူရာ ကဏ္ဍတစ်ခုဖြစ်သည့် သုတေသနခေါင်းစဉ်အောက်မှာ ယနေ့ခေတ်လူငယ်များအနေဖြင့် ကြုံတွေ့ရင်ဆိုင်နေရသည့် အခြေအနေအရပ်ရပ်အပေါ် ဘယ်လိုတွေးခေါ် မြော်မြင်ပြီး ဆုံးဖြတ်မလဲ၊ ဘယ်လိုစဉ်းစားပြီး အကောင်းဆုံးအဖြေတစ်ခုရအောင်ရှာမလဲ၊ အခြေအနေအချိန်အခါအရ သင့်တော်မည်ထင်၍ "သုတေသနစွမ်းရည်များနှင့် ဆက်စပ်ချဉ်းကပ်ပြီး ပြဿနာများကို ဖွေရှာအဖြေရှာနိုင်စွမ်း" (Research related problem solving skills) ခေါင်းစဉ်အောက်တွင် ဝန်ထမ်းများအတွက် လိုအပ်မည့် အရည်အသွေးတချို့ကို တတ်အားမှတ်သားထားသမျှ မျှဝေတည်ဆောက်ပေးဖြစ်ခဲ့သည်။

**"ကိုယ့်ရဲ့အစွဲကြီးမှုကြောင့် သူများစကားတွင် လမ်းဆုံးနေကြရသည်။ လူအများကြီးက မှတ်ချက်ပေးသည်ဟူ၍ များတိုင်း မှန်သည်ထင်တတ်ကြသည်။ ဆက်စပ်ပြီး မစဉ်းစားနိုင်ဘဲ အချက်အလက် ကိန်းဂဏန်းများကို အပေါ်ယံကိုသာကြည့်၍ ကိုယ်ထင်ရာကိုသာ မှန်းဆအဖြေထုတ်နေကြသည်။ ဆင်ခြင်သုံးသပ်နိုင်စွမ်း နည်းသွားသည့်အခါ လူတွေမှာ အတ္တကအားကြီးလာသည်။ မျှဝေခံစားဖို့ဝေးစွ ကိုယ့်အတွက်ချည်းသာ ကြည့်လာကြသည့်အခါ တိုက်ချင်ခိုက်ချင် (fighting) စိတ်တွေသာများလာသည်။ တစ်ခုတည်းရှိရင် တစ်ဝက်စီ မျှစား၊ မျှသုံးမယ်၊ ပြီးမှ နှစ်ခုအထက်ရအောင် စုပေါင်းရှာကြမယ်ဆိုသည့် team Spirit နေရာမှာ တစ်ခုတည်းရှိလို့ ငါအကုန်လုံး ယူလိုက်မယ်၊ ဘယ်သူ့ကိုမှမပေးဘူး၊ လာလုတဲ့လူကို ပြန်တိုက်ခိုက်မယ်၊ မရရင် အဆုံးထိ လုပ်မယ်ဆိုတဲ့ Jungle စိတ်ဓာတ်တွေ နေရာယူလာတာ တွေ့နေရသည်။ ဆင်ခြင်သုံးသပ်နိုင်စွမ်း နည်းသူသည် အကောင်းမြင်စိတ်နည်းပြီး အဆိုးမြင်သဘော များနေတတ်ကာ မှားယွင်းသော ယုံကြည်မှုနှင့်အတူ စိုးရိမ်စိတ်များ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတတ်သည်ကိုလည်း သတိထားမိသည်"**

**ခေတ်ကာလအခြေအနေအရ၊ လိုအပ်ချက်အရ၊ တောင်းဆိုချက်အရ**

ယနေ့ခေတ်ကာလ အခြေအနေ အရပ်ရပ်ကလည်း တောင်းဆိုချက်တွေ၊ လိုအပ်ချက်တွေရှိလာသည် မဟုတ်ပါလား၊ အထူးသဖြင့် လူငယ်လူရွယ်များအတွက် ဦးတည်မိသည်။ ထိုလူငယ်များမှတစ်ဆင့် နောင်မျိုးဆက်သစ်များအတွက်လည်း အများကြီးစဉ်းစား၍ ကြိုတင်မျှော်မှန်းစဉ်းစားမိ၍ လေ့ကျင့်ဆွေးနွေးဖြစ်ခဲ့ခြင်းလည်း ဖြစ်သည်။ ကိုယ်နှင့်အနီးစပ်ဆုံးရှိသည့် ဝန်ထမ်းများကိုတော့ လုပ်ငန်းသဘောသဘာဝအရ ထပ်ကာထပ်ကာ စဉ်းစားတတ်အောင်၊ သုံးသပ်အဖြေရှာတတ်အောင် လေ့ကျင့်ဆွေးနွေးမြဲဖြစ်သည်။

"critical thinking" ဆိုသည်က မိမိပတ်ဝန်းကျင်မှာလည်း တွင်တွင်ကျယ်ကျယ် အများဆုံးပြောဆို သုံးနှုန်းနေကျ၊ ကြားနေကျ စကားလုံးဖြစ်သည်။ သိသလိုလိုနှင့် ရေရေရာရာနားလည်လားဆိုတော့လည်း မဟုတ်ပြန်၊ ဘဝမှာ အရေးကြီးမှန်းတော့ သိကြသည်။ သို့သော် မိမိရင်ဆိုင်နေရသည့် အခက်အခဲများ၊ မိမိဝန်းကျင်မှာ ကြုံတွေ့ခံစားနေရသည့် ပြဿနာရပ်များအတွက်မူ ဘယ်လိုဖြေရှင်းပြီးအဖြေရှာမလဲ၊ ဒီလိုဖြေရှင်းအဖြေရှာဖို့ စွမ်းရည်များ မိမိမှာ ရော မည်သို့မည်ပုံလေ့ကျင့်တည်ဆောက်ထားမလဲဆိုသည်မှာတော့ လိုအပ်ချက်များက ရှိနေပြန်သည်။

**နည်းစနစ်ကျကျ တွေးခေါ်တတ်ခြင်း (critical thinking) ဟူသည်**

ပြဿနာတစ်ရပ်အပေါ် ချဉ်းကပ်အဖြေရှာဖြေရှင်းမည်ဆိုလျှင် သို့မဟုတ် မိမိထံရောက်ရှိလာသော သတင်းအချက်အလက်တစ်ခု၊ အခြေအနေတစ်ခုကို သုံးသပ်တော့မည်ဆိုလျှင် ထိုပြဿနာ အခြေအနေနှင့် သတင်းအချက်အလက်များအပေါ် ဖြစ်ပေါ်ရသည့်အကြောင်းရင်း၊ ဖြစ်နေသည့်လက်ရှိအခြေအနေ၊ သက်ရောက်နိုင်မှု အတိုင်းအတာပမာဏကို ပိုင်းခြားစိစစ်ခြင်း၊ ဝေဖန်ဆန်းစစ်ခြင်း၊ တွေးခေါ်စဉ်းစား၊ ဆင်ခြင်သုံးသပ်ခြင်းများကို အဆင့်ဆင့်ပြုလုပ်ရသည် မဟုတ်ပါလား။ ထိုထို ဝေဖန်ပိုင်းခြား တွေးခေါ်စဉ်းစားခြင်းသည်ပင် critical thinking ဟူ၍ သုံးနှုန်းကြခြင်းဖြစ်သည်။

နည်းစနစ်ကျကျ တွေးခေါ်တတ်ခြင်းဟုလည်း အမည်တပ်ကြသည်။ နည်းစနစ်ကျကျ တွေးခေါ်ရာတွင် အကြောင်းနှင့်အကျိုးကို ခွဲခြမ်းစိတ်ဖြာပြီး၊ ဆက်စပ်ပြီး အဖြေရှာတတ်ရသည်။ သို့မှသာ အကြောင်းအကျိုးဆီလျော်သည်ဟု ဆိုနိုင်ပေမည်။ အကြောင်းပဲဖြစ်ဖြစ်၊ အကျိုးပဲဖြစ်ဖြစ် မတူတာတွေ၊ အငြင်းပွားမှုတွေ၊ တူတာတွေကို ခွဲခြားစုစည်းရသည့်သဘောဖြစ်သည်။ သမားရိုးကျအမြင်တွေကိုလည်း ပစ်ပယ်မထား၊ ဖြန့်ကြက် ဖောက်ထွက်စဉ်းစားသည့်သဘောများလည်းပါသည်။ အချက်အလက် အထောက်အထားများကို မတူညီသည့် အရင်းအမြစ် (source )အားလုံးမှ ရှာရသည်၊ ပြည့်ပြည့်စုံစုံဖြစ်ရန် အထောက်အထားများကို မရရအောင် စုဆောင်းရသည်။

သို့သော် ခိုင်မာစိတ်ချရပြီး မှန်ကန်မှုများသည့် source များကိုတော့ ပို၍ အလေးထားရသည်။ သို့သော် critical thinking သဘောတရားကို ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့် မလွတ်စေဘဲ မူဘောင်အတွင်းကပဲ စဉ်းစားရသည်။ အလေ့အကျင့်များစွာရပြီး စဉ်းစားနိုင်စွမ်းမြင့်မားလာသည့်အခါ၊ အကယ်၍များ လွတ်လပ်စွာ တွေးခေါ်စဉ်းစားနိုင်မည်ဆိုလျှင် ရှုပ်ထွေးသောအခြေအနေများမှနေ၍ သစ်လွင်တိုးတက်သော idea တစ်ခုကို ရနိုင်သည်အထိ တီထွင်ဖန်တီးမှုစွမ်းရည် ရရှိသွားနိုင်သည်။

ဤသို့ဖြင့် ဖြန့်ကြက်တွေးခေါ်နိုင်စွမ်း multilateral thinking မှတစ်ဆင့် အတွေးအခေါ်များ ဆန်းသစ်လာပြီး တီထွင်ဖန်တီးခြင်း (innovative) နှင့် creative စွမ်းရည်များလည်း ပြည့်ဝလာမည်ဖြစ်သည်။ ထိုမှသည် ဖွံ့ဖြိုးမှုဆီဦးတည်သည့် ပိုမိုတိုးတက်သော အမြင်များစွာကိုလည်း တည်ဆောက်နိုင်စွမ်း ရရှိလာမည်ဖြစ်ပါသည်။

**မည်သည့်အတွက်ကြောင့် ဤလိုစွမ်းရည်မျိုးလိုအပ်နေရပါသလဲ**

ဤသို့ဆိုလျှင် မည်သည့်အတွက်ကြောင့်များ critical thinking ဆိုသည်ကို တည်ဆောက်ဖို့ အရေးတကြီးလိုအပ်နေပါသနည်း။ အခြေအနေအချိန်အခါအရဖြစ်သည်။ အထူးသဖြင့် ယနေ့လူငယ်များနှင့် နောင်မျိုးဆက်သစ်များအတွက်ဟု ဆိုခဲ့ပြီးဖြစ်သည်။

ယနေ့ လူအတော်များများက သတင်းတု (fake)၊ သတင်းမှား (false)၊ ကောလာဟလ (rumour) များကြားတွင် တဝဲလည်လည် ဖြစ်နေကြပြီး emotion move ဖြင့် ခံစားမှုနောက် လိုက်နေကြသည်။ သတင်းအချက်အလက်တစ်ခုရပြီဆိုလျှင် အရင်းအမြစ်ကို မလိုက်နိုင်ကြ၊ မှန်/မမှန်ဆန်းစစ်မှု အားနည်းလွန်းကြသည်။ ဆန်းစစ်မှုအားနည်းတော့ သတင်းလွှင့်ထုတ်သူ၊ အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် လှည့်စားမှုကို မမြင်နိုင်၊ ရည်ရွယ်ချက်ရှိရှိ ပုံမှားရိုက်သည်များကို မမှန်းဆနိုင် ဖြစ်ရသည်။ မည်သို့ပင် ဘက်လိုက်၍ အမှန်ကို ဖုံးကွယ်ထားစေကာမူထင်ယောင်ထင်မှား အစွဲများလွန်း၍ အစွန်းထင်းကာ အမှားကို အမှန်ထင်၊ အမှန်ကိုအမှန်ဟု မမြင်နိုင်ဖြစ်ကြရသည်။

ကိုယ့်ရဲ့အစွဲကြီးမှုကြောင့် သူများစကားတွင် လမ်းဆုံးနေကြရသည်။ လူအများကြီးက မှတ်ချက်ပေးသည်ဟူ၍ များတိုင်း မှန်သည်ထင်တတ်ကြသည်။ ဆက်စပ်ပြီး မစဉ်းစားနိုင်ဘဲ အချက်အလက် ကိန်းဂဏန်းများကို အပေါ်ယံကိုသာကြည့်၍ ကိုယ်ထင်ရာကိုသာ မှန်းဆအဖြေထုတ်နေကြသည်။ ဆင်ခြင်သုံးသပ်နိုင်စွမ်းနည်းသွားသည့်အခါ လူတွေမှာ အတ္တက အားကြီးလာသည်။ မျှဝေခံစားဖို့ဝေးစွ ကိုယ့်အတွက်ချည်းသာ ကြည့်လာကြသည့်အခါ တိုက်ချင်ခိုက်ချင် (fighting) စိတ်တွေသာများလာသည်။ တစ်ခုတည်းရှိရင် တစ်ဝက်စီ မျှစား၊ မျှသုံးမယ်၊ ပြီးမှ နှစ်ခုအထက်ရအောင် စုပေါင်းရှာကြမယ်ဆိုသည့် team Spirit နေရာမှာ တစ်ခုတည်းရှိလို့ ငါအကုန်လုံး ယူလိုက်မယ်၊ ဘယ်သူ့ကိုမှမပေးဘူး၊ လာလုတဲ့လူကို ပြန်တိုက်ခိုက်မယ်၊ မရရင်အဆုံးထိလုပ်မယ်ဆိုတဲ့ Jungle စိတ်ဓာတ်တွေ နေရာယူလာတာ တွေ့နေရသည်။ ဆင်ခြင်သုံးသပ်နိုင်စွမ်း နည်းသူသည် အကောင်းမြင်စိတ်နည်းပြီး အဆိုးမြင်သဘောများနေတတ်ကာ မှားယွင်းသော ယုံကြည်မှုနှင့်အတူ စိုးရိမ်စိတ်များ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတတ်သည်ကိုလည်း သတိထားမိသည်။

ယနေ့ကာလ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆင်ခြင်သုံးသပ်နိုင်စွမ်း နည်းပါးလာကြသည့် လူအများဟုဆိုရာတွင် ယနေ့ခေတ်လူငယ်များကို ထိုအများစုထဲတွင် မပါဝင်စေချင်၊ အနာဂတ်မျိုးဆက်ပါ တုံးသွားမှာ စိုးရိမ်မိသည်။ တစ်ဖက်ပိတ်အမြင်များကိုလည်း ပွင့်သွားစေချင်သည်။ ဝေဖန်ပိုင်းခြားစိစစ်မှု အားနည်းခြင်းကြောင့် ပြဿနာပိုကြီးမားသွားမှာ၊ လူ့အဖွဲ့အစည်းကြီး ပို၍ပို၍ ထိခိုက်နစ်နာကြမှာကိုလည်း မဖြစ်စေလိုခြင်းသည် ရည်ရွယ်ရင်းအဓိက ဖြစ်ပါသည်။

**ဗုဒ္ဓမြတ်စွာဘုရားဟောကြားသည့် ပညာကို အခြေခံဖို့တော့လိုအပ်**

ထို့ကြောင့် မိမိတို့၏ စဉ်းစားသုံးသပ်အဖြေရှာနိုင်စွမ်းရည်များ မြင့်မားတိုးတက်အောင် လေ့ကျင့်ကြိုးစားအားထုတ်ကြရန်သာ တိုက်တွန်းချင်သည်။ စဉ်းစားတွေးခေါ် သုံးသပ်နိုင်စွမ်းဟူသည် မွေးရာပါ skill တစ်ခုတော့မဟုတ်၊ လေ့ကျင့်ယူ၍ ရပါသည်။ သို့သော် ပညာကို အခြေခံဖို့တော့လိုသည်။ အယူဝါဒတစ်ခုအပေါ် အလွန်အကျွံ မျက်ကန်းတစ္ဆေမကြောက် ယုံကြည်ခြင်းမရှိ၊ အမှားအမှန်ကို ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်စွမ်း ရှိခြင်းသည်ပင် ပညာမည်ပါသည်။ ဒေတာအချက်အလက်များကို မိမိအသိဉာဏ်၊ မိမိအတွေ့အကြုံဖြင့် ဝေဖန်သုံးသပ်စဉ်းစားပြီး လက်တွေ့အသုံးချ၍ အတွေ့အကြုံများမှတစ်ဆင့် ရရှိလာသည့်ရလဒ်ကသာ ပညာဖြစ်ပါသည်။

ပညာအခြေခံသည့် critical thinking ကိုအနောက်နိုင်ငံများက ပို၍အလေးထားသည်ဟု ဆိုကြသည်။ သို့သော် ကျွန်တော်တို့၏ ဗုဒ္ဓမြတ်စွာဘုရားက လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ဟောကြားခဲ့ဖူးသော ကာလာမသုတ်တော်လာ ဝိဘဇ္ဇဝါဒကိုမူ မေ့ထား၍မရ။ အရှေ့တိုင်းက အစပျိုးခဲ့သည့် အယူဝါဒကိုယူပြီး အနောက်တိုင်းပညာရေးမှာ ထိထိရောက်ရောက်အသုံးချနေ၍သာ တိုးတက်နေကြသည်ကိုလည်း မြင်အောင် ကြည့်စေလိုပါသည်။

ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့သည်မှာ အယူအဆတစ်ခုကို ရှုထောင့်တစ်ခုတည်းမှ သုံးသပ်၍ တရားသေမှတ်ချက်ပြု၍ မရပါ၊ ပညာဉာဏ်ကို သုံး၍ ဝေဖန်ပိုင်းခြား သုံးသပ်ရမည်။ ပြန်လှန်မေးခွန်းမထုတ်ဘဲ သူများပြောတိုင်း မယုံရဟူ၍ ဟောကြားခဲ့သည်ကို နာယူမှတ်သားဖူးပါသည်။ အမှားအမှန်ကို စိစစ်၍ အမှန်ကို ရွေးချယ်နိုင်ရန်၊ အမှန်ရရန်အတွက် ရှေးလူကြီးများပြောသည်ဆို၍လည်း မယုံရ၊ အစဉ်အလာဖြစ်၍လည်း မမှတ်ယူရ၊ ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အသိဖြင့်သာ အမှန်ကိုလက်ခံကျင့်သုံးရမည်၊ ထိုမှ အဖြေမထုတ်နိုင်လျှင်မူ နှစ်ဦးနှစ်ဖက်အတွက် ကောင်းပြီး လက်ခံနိုင်မည့် အလယ်အလတ်ကျသည့် အဖြေမျိုးဖြစ်ရမည်ဟု ရှင်တော်မြတ်ဘုရားက ဟောကြားခဲ့ဖူးသည်ကို အလေးအနက်ထား နာယူသင့်ကြပါသည်။

**"မိမိစဉ်းစားသုံးသပ်စဉ်တွင် ဦးစွာ ဘာကိုမှ ဝေဖန်ရန်မသင့်ပါ၊ မှတ်ချက်ပေး မစောမိရန်လည်း တိုက်တွန်းပါရစေ...။ သတင်းတစ်ခုရလျှင် မှန်တယ်လို့လည်း မထင်ပါနဲ့ဦး၊ လိုအပ်လျှင် သံသယအမြင်လေးထားတာ ပို၍သင့်တော်ပါသည်။ သူပြောတာ မှန်မမှန်၊ ကိုယ်ရသည့် သတင်းမှန်မမှန်၊ သက်ဆိုင်သည့် အထောက်အထား အချက်အလက်အားလုံးကို မတူညီသည့် အရင်းအမြစ်ပေါင်းစုံက (ကိုယ်ကြိုက်တဲ့ source ရော၊ မကြိုက်တဲ့ source ကရော) ရှာဖို့လိုပါသည်။ အချို့က မိမိကြိုက်သည့် လိုလားသည့် favour ပေးသည့် စာအုပ်စာတမ်းများကိုသာဖတ်ရှု၍ မိမိအားသန်သည့်ဘက်က ဘက်လိုက်သုံးသပ်ဆုံးဖြတ်ကြ၍ဖြစ်သည်"**

*စာမျက်နှာ ၁၁ သို့*

# ကဝမြို့နယ် ကဇင်းကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေသားလမ်းခင်းနေမှု စစ်ဆေး



**ကဝ ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကိစ္စများအတွက် သွားလာမှုလွယ်ကူစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကဇင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာတွင်း ဂဝံမြေသားလမ်းခင်းနေမှု အခြေအနေများကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဩဂုတ် ၁၀ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးလှဝင်းကျော်သည် ဝန်ထမ်းများနှင့်အတူ ကဇင်းကျေးရွာတွင်း ဂဝံမြေသားလမ်းခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်နှင့် တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ကဝမြို့နယ် ကဇင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းထောက်ပံ့ ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး အရှည် ပေ ၁၂၅၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိသော ကျေးရွာတွင်း ဂဝံမြေသားလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာပြည်သူလူထုကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ပြီး ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင် နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**
**(ကျေးလက်)**

# ကလိန်အောင်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်

**ကလိန်အောင် ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ မိုးဦးကျရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ဖုံး/သွန်/ လဲ/ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းကို ယနေ့ နံနက်ပိုင်းက ကလိန်အောင်မြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ နေအိမ်များ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်နိုင် ဦးဆောင်၍ ဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေးဌာနမှ သားဖွား/ မီးယပ်ဆရာမ ဒေါ်ဖြိုးအိမြတ်နှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်မျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမင်းခိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုအသင်းအဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး အမှတ်(၁)ရက်ကွက်ရှိ နေအိမ်များ၌ ရေသိုလှောင်ကန်များ၊ ရေစည်များနှင့် ဘုရားပန်းအိုးများတွင် ခြင်မှတစ်ဆင့် ပေါက်ပွားလာသည့် ပိုးလောက်လမ်းများမရှိစေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းများကို လိုက်လံဆောင်ရွက်ပေးကာ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါမှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဆွေးနွေးခဲ့သည်။

**လူမင်းအောင်**



# ပြည်ကြီးမဏ္ဍိုင်မြို့၌ ကွမ်းသီးအကင်းနုများ အဝယ်လိုက်၍ ဈေးကောင်းရရှိ

**ပြည်ကြီးမဏ္ဍိုင် ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့တွင် နှစ်ရှည်ပင်သီးနှံဖြစ်သည့် ကွမ်းသီးပင်စိုက်ပျိုးသည့် လုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ ကွမ်းသီးအကင်းနုများသည် မေလအတွင်း စတင်ထွက်လျက်ရှိပြီး ပုံမှန်အားဖြင့် အသီးရင့်မှည့်ချိန်မှသာ ခူးယူရောင်းချခဲ့သော်လည်း ယခုနှစ်တွင် ကွမ်းသီးအကင်းနုများကို လိုက်လံဝယ်ယူခြင်းနှင့် ဒိုင်များဖွင့်လှစ်၍ ဝယ်ယူမှုများရှိခြင်းကြောင့် ဈေးကောင်းရရှိလျက်ရှိသည်။

ပြည်ကြီးမဏ္ဍိုင်မြို့၌ နှစ်ရှည်သီးနှံပင်ဖြစ်သည့် ကွမ်းသီးပင်သည် ရေခံမြေခံအခြေအနေအရ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး နှစ်စဉ် ကွမ်းသီးပင်စိုက်ပျိုးမှု တိုးပွားလျက်ရှိရာ မေလအတွင်း ကွမ်းသီးအနုများကို ကုန်သည်များက လာရောက်ဝယ်ယူကြပြီး ဇူလိုင်လတွင် ပြည်ကြီးမဏ္ဍိုင်မြို့အတွင်း အဝယ်ဒိုင်များဖွင့်လှစ်၍ ဝယ်ယူလျက်ရှိရာ ကွမ်းသီးအကင်း နုတစ်လုံးလျှင် ငွေကျပ် ၄၀ မှ ၄၅ ကျပ်ဖြင့် လည်းကောင်း၊ ခြွေပြီးသား ကွမ်းသီးအနု တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ ဖြင့်လည်းကောင်း၊ ကွမ်းသီးအနု အခိုင်လိုက်ရောင်းပါက တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့်လည်းကောင်း ဈေးနှုန်းရရှိကာ ဒေသခံခြံပိုင်ရှင်များက ခူးယူရောင်းချလျက်ရှိကြောင်း သိရသည်။

**ကေခိုင်ဝင်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အသိဖြင့်သာ အမှန်တရားကို ဖွေရှာနိုင်သည်ဟုဆိုသဖြင့် ကိုယ်တိုင်ထိုးထွင်းသိမြင်ရန်အတွက်မူ နည်းလမ်းတစ်ခုသာရှိပါသည်။ စာများများ ဖတ်မှတ်ရန်နှင့် အစဉ်လေ့လာဆည်းပူးနေရန်ပင် ဖြစ်သည်။ စာဖတ်မပျင်းရ၊ လုံ့လစိုက်၍ အဖြေမှန်ရရေး၊ ဆုံးဖြတ်ချက်မှန်ရေး၊ လူတုံးလူအမဖြစ်ရေး၊ သူများသွေးထိုးတာ၊ သူများဆွဲဆောင်တာ မခံရရေးအတွက်ဆိုလျှင် ဗဟုသုတများပြီး တော်နေမှသာရမည်ဟု သိထားသင့်ပါသည်၊ တော်မှလည်း ကောင်းဖို့အတွက် ဖြစ်လာနိုင်ပါသည်။

**ဘယ်လိုလေ့ကျင့်တည်ဆောက်ကြမလဲ**

သို့ဆိုလျှင် ပညာဖြင့် ဘယ်လိုလေ့ကျင့်တည်ဆောက်ကြမလဲ။ ယခုတစ်နှစ်၊ နှစ်နှစ်အတွင်းကာလ အခြေအနေများသည် critical thinking တည်ဆောက်ဖို့ အကောင်းဆုံး၊ လေ့ကျင့်ကွင်း training ground တစ်ခုသဖွယ် အခွင့်အလမ်းများကား ရှိနေသည်။ critical thinking တည်ဆောက်ရန် လက်တွေ့လေ့လာလေ့ကျင့်ရန် အခြေအနေများက အခွင့်အလမ်းကောင်းများအဖြစ် ဖန်တီးပေးနေသည်ဟု ယူဆပါသည်။ မိမိပတ်ဝန်းကျင်မှာ အဖြေရှာရန် ခက်ခဲသည့် ပြဿနာပေါင်းစုံအနည်းနှင့်အများ ရှိနေသည့်အနေအထားတွင် အခွင့်ကောင်းကို ဆုပ်ကိုင်နိုင်ရန်သာ အရေးကြီးပါသည်။

ဥပမာ- စကားတစ်ခွန်းရပြီဆိုပါစို့... ဘယ်လိုလူက ပြောတာလဲ၊ သူ့ရဲ့နောက်ခံ အကြောင်းအချက်အလက်၊ သူက ဘယ်သူ့ဘက်ကလဲ၊ ဒီလိုအချိန် ဒီလိုနေရာမှာ ဘာကြောင့် ဒီလိုစကားပြောရတာလဲ၊ ဘာရည်ရွယ်ချက်နဲ့လဲ၊ စေတနာနဲ့လား၊ ဝေဒနာပေးဖို့လား၊ သူပြောတဲ့အကြောင်းအရာက လက်ရှိအခြေအနေနဲ့ကောကိုက်ရဲ့လား စသည်ဖြင့် ဆင်ခြင်ပိုင်းခြားရပါမည်။

**မိမိစဉ်းစားသုံးသပ်စဉ်တွင် ဦးစွာ ဘာကိုမှ ဝေဖန်ရန်မသင့်ပါ၊ မှတ်ချက်ပေးမစောမိရန်လည်း တိုက်တွန်းပါရစေ...။ သတင်းတစ်ခုရလျှင် မှန်တယ်လို့လည်း မထင်ပါနဲ့ဦး၊ လိုအပ်လျှင် သံသယအမြင်လေးထားတာ ပို၍သင့်တော်ပါသည်။ သူပြောတာ မှန်မမှန်၊ ကိုယ်ရသည့် သတင်းမှန်မမှန်၊ သက်ဆိုင်သည့် အထောက်အထား အချက်အလက်အားလုံးကို မတူညီသည့် အရင်းအမြစ်ပေါင်းစုံက (ကိုယ်ကြိုက်တဲ့ source ရော၊ မကြိုက်တဲ့ source ကရော) ရှာဖို့လိုပါသည်။ အချို့က မိမိကြိုက်သည့် လိုလားသည့် favour ပေးသည့် စာအုပ်စာတမ်းများကိုသာဖတ်ရှု၍ မိမိအားသန်သည့်ဘက်က ဘက်လိုက်သုံးသပ်ဆုံးဖြတ်ကြ၍ဖြစ်သည်။**

**ပိုင်းခြားဆင်ခြင် သုံးသပ်နိုင်စွမ်းက ပေးသော အကျိုးကျေးဇူးများ**

မိမိလေ့လာသည့်နယ်ပယ်မှ အချက်အလက်အသေးစိတ်ကို ရှုထောင့်ပေါင်းစုံမှ ကြိုးစားရှာဖွေ အားထုတ်လေ့လာသင့်ပါသည်။ ကိုယ်ရှာသည့် အချက်အလက်သည် reliable စိတ်ချယုံကြည်အားကိုးရဖို့လည်း လိုပြန်သည်။ အမှားကင်း၍ အမှန်ကိုလိုလားစွာဖြင့်၊ ရိုးသားသည့်စိတ်ဖြင့် အစွဲကင်းစွာ ရှာဖွေရန်လည်း အရေးကြီးပါသည်။ အလေ့အကျင့်များလာ၍ အမှန်ကို ရွေးချယ်အဖြေထုတ်ဖန်များလာလျှင် အစွဲလည်းကင်းစင်လာတတ်ပါသည်။ အချက်အလက်ရှာဖွေတာမှန်ကန်လျှင်လည်း လက်ခံသင့်သည့်အရာကို အကြောင်းအကျိုးညီညွတ်စွာဖြင့် လက်သင့်ခံလာတတ်ပါသည်။ နောင်တွင် ခံစားချက်ထက် ဦးနှောက်ကို ရှေ့တန်းတင်လာတတ်ပါမည်။ ခံစားချက်ကို ဦးစားမပေးတော့သည့်အခါ ရှုပ်ရှုပ်ထွေးထွေးအခြေအနေများကြားတွင် ရိုးရှင်းစွာ တွေးခေါ်တတ် စဉ်းစားတတ်လာပါလိမ့်မည်။ ရေမြင့်ကြာတင့် ဆိုသလို လေ့လာမှုအားကောင်းသောကြောင့် အတွေးအခေါ်လည်း အလိုလိုမြင့်မားလာခြင်းဖြစ်ပေမည်။

Critical thinking ဖြင့် ဝေဖန်ပိုင်းခြားစဉ်းစားတတ်လာလျှင် အခြေအနေအရပ်ရပ်ကို အမှားကင်းစွာဖြင့် သုံးသပ်လာနိုင်သည့်အကျိုး ရလာပေမည်။ အခြေအနေကို အလွယ်တကူ နားလည်သဘောပေါက်နိုင်စွမ်းလည်း ရှိလာမည်။ ဘယ်အရာက အဆိပ်အတောက်လဲ အကောင်းအဆိုး ခွဲခြားသိလာမည်။ မိမိဖြစ်ချင်တာနှင့် ဖြစ်သင့်ဖြစ်ထိုက်တာအပေါ်မှာ ဟန်ချက်ညီ balanced ဖြစ်အောင် စဉ်းစားလုပ်ကိုင်တတ်လာမည်။ ခက်ခဲသောပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိလာသည့် နည်းတူ နောင်တွင် အလားတူ ပြဿနာမဖြစ်အောင်လည်းကြိုတင်ကာကွယ်ထိန်းချုပ်လာနိုင်မည်ဖြစ်သည်။

ပြဿနာဖြစ်လာလျှင်လည်း အရန်နည်းလမ်းတစ်ခုရှာဖွေပြီး ဖြစ်နေတတ်သည်။ မှန်ကန်၊ မြန်ဆန်၊ တိကျသော အဖြေကိုထုတ်နိုင်စွမ်းရှိလာ၍ စိတ်ပင်ပန်းခြင်းမှလည်း ကင်းဝေးလာမည်။ မိမိကိုယ်မိမိ ယုံကြည်မှုတိုးလာသလို အခြားသူများ၏ စဉ်းစားတွေးတောပုံ၊ သူဘာ့ကြောင့်ဒီလိုတွေးရသလဲ၊ အတွေးနှင့် လုပ်တာကိုင်တာများအပေါ်တွင် နားထောင်ပေးတတ်လာပြီး နားလည်လက်ခံပေးမှုလည်း မြင့်လာမည်။ ထို့ကြောင့်လည်း ပေါင်းသင်းဆက်ဆံရေး social skill အားကောင်းလာပြီး ပူးပေါင်းဆောင်ရွက်မှု ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုလည်း ကောင်းလာမည်။

အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်တတ်လာပြီး အခွင့်အလမ်းကို ရှာဖွေအသုံးချနိုင်စွမ်းရှိလာကာ စိန်ခေါ်မှုများကို ကြိုတင်မြော်တွေး ရင်ဆိုင်နိုင်စွမ်းရှိလာမည်။ ထိုမှတစ်ဆင့် တိကျမှန်ကန်သည့် ရည်မှန်းချက်များ ချမှတ်လာနိုင်သည်ကို တွေ့ရမည်။ သမားရိုးကျအမြင်မှ တိုးတက်မှုကို ရှေးရှုသည့် ဖောက်ထွက်ဖန်တီး စဉ်းစားနိုင်စွမ်းရှိသည့် မျိုးဆက်သစ်လူငယ်များတိုးပွားလာခြင်းက အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်တစ်ခုဖြစ်လာမည်ဟု ယုံကြည်မှုများတိုးလာမည်။ critical thinking ၏ အကျိုးကျေးဇူးများကား များပြားပြီး အကျိုးလည်းရှိလှပါသည်။

ပိုင်းခြားဝေဖန်၊ ဆင်ခြင်သုံးသပ်တွေးခေါ်စဉ်းစားနိုင်ခြင်းဟူသည့် ကုထုံးကားရှုပ်ထွေးမြားမြောင် ဖြေရှင်းရခက်သော ပြဿနာပုစ္ဆာများကို ဖြေရှင်းရာတွင် များစွာကူညီပေးနိုင်သည်ဟူသော အချက်များကို ထုတ်ဖော်ခဲ့ပါပြီ။ ဤသို့ ဆင်ခြင်စဉ်းစားနိုင်မှုကသာ ကိုယ်ရည်မှန်းထားသည့်ပန်းတိုင်နှင့် ကိုယ်လက်ရှိရောက်နေသည့် အခြေအနေ ကွာဟချက်ကွက်လပ်ကို ကျဉ်းသည်ထက်ကျဉ်းအောင် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ နောက်ဆုံးမှာတော့... ဝေဖန်ပိုင်းခြား ဆင်ခြင်သုံးသပ်နိုင်စွမ်းအားမြင့်မားသည့် ဝန်းကျင်တစ်ခုတွင် ဆိုခဲ့သည့် ရလဒ်ကောင်းများကြောင့်

မုန်းလျှင်လည်း
အပြစ်တင်စောကြတော့မည် မဟုတ်၊
ချစ်လျှင်လည်း
အကျိုးချည်းမြင်ကြတော့မည် မဟုတ်၊
မြတ်နိုးလွန်းလို့လည်း သဒ္ဓါလွန်မဖြစ်၊
ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းလည်း ဖြစ်ကြတော့မည်မဟုတ်ဟုသာ။

အတွေးလွန်၍ အမှားထဲကအမှန်ကို မျှော်လင့်နေမိပါတော့သည်...။ ။

❑ *ကျော်ဖုံးမှ*

ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၈-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၀ | ၂၁၈၅ | ၂၁၈၀ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၁၈၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၂၇၂၀ |
| 95 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၄၅ | ၃၀၈၅ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၅ | ၂၆၆၀ | ၂၆၅၅ | ၂၅၅၀ | ၂၅၆၅ | ၂၅၉၅ | ၂၅၉၅ | ၂၆၀၀ | ၂၈၁၅ | ၃၁၂၀ |
| HSD (10 ppm) | ၂၅၁၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၅ | ၂၆၆၀ | ၂၆၅၅ | ၂၅၅၀ | ၂၅၆၅ | ၂၅၉၅ | ၂၅၉၅ | ၂၆၀၀ | ၂၈၁၅ | ၃၁၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၈ | ၂၁၁၃ |
| 95 Ron | ၂၁၀၈ | ၂၁၈၃ |
| HSD (500 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (50 ppm) | ၂၄၀၀ | ၂၄၇၈ |
| HSD (10 ppm) | ၂၄၀၀ | ၂၄၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

● *ကျော်ဖုံးမှ*

AFF Mitsubishi Electric Cup 2022 ပြိုင်ပွဲအမည်ဖြင့် ပြုလုပ်သွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ပြိုင်ပွဲကို ၂၀၁၈ ခုနှစ်က ကျင်းပသည့် ပြိုင်ပွဲပုံစံအတိုင်း ပြန်လည်ကျင်းပမည်ဖြစ်ပြီး ငါးသင်း နှစ်အုပ်စုခွဲ၍ အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ အရှေ့တောင်အာရှ ၁၁ သင်းအနက် အဆင့်ရပ်တည်ချက် အမြင့်ဆုံး ကိုးသင်းမှာ နောက်ဆုံးအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိမ့်ဆုံးနှစ်သင်းမှာ ခြေစစ်ပွဲကစားပြီး အနိုင်ရသည့် တစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၀ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ထိုင်းအသင်းအပါအဝင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ မြန်မာ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်း စုစုပေါင်း ကိုးသင်းမှာ နောက်ဆုံးအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး တီမောနှင့် ဘရူနိုင်းအသင်းတို့မှာ ခြေစစ်ပွဲကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုမဲခွဲပွဲပြုလုပ်မည့်ရက်တွင် ကျင်းပမည့်ကာလကိုပါ တစ်ပေါင်းတည်း ထုတ်ပြန်သွားမည်ဖြစ်သည်။

AFF Cup ပြိုင်ပွဲကို ယခုနှစ်တွင် (၁၄)ကြိမ်မြောက် ကျင်းပမည်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် (၁၃)ကြိမ်တွင် ထိုင်းအသင်းက ခြောက်ကြိမ်၊ စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ မြန်မာအသင်းသည် ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲတို့တွင် ဆီမီးဖိုင်နယ်သို့ အမြင့်ဆုံး တက်ရောက်ဖူးပြီး နောက်ဆုံးကျင်းပသည့် ၂၀၂၀ ပြိုင်ပွဲတွင်အုပ်စုမှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ၂၀၂၀ ပြိုင်ပွဲတွင် ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး တစ်ပွဲနိုင်၊ သုံးပွဲရှုံး၊ ရမှတ် သုံးမှတ်ဖြင့် အုပ်စုမှ ထွက်ခဲ့ရခြင်းဖြစ်သည်။ ၂၀၂၀ ပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ နှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၁ နှစ်ကုန်ပိုင်းသို့ ပြောင်းလဲကျင်းပခဲ့ရသည်။

**ရဲရင့်လွင်**

## အုတ်ဖိုမြို့နယ်၌ အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**အုတ်ဖို ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အ.ထ.က(ခွဲ) လသာကုန်းကျောင်း၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စိုးသက်ဝင်း၏ ညွှန်ကြားမှုဖြင့် ယနေ့နံနက်ပိုင်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားကို ကျင်းပသည်။



အခမ်းအနား၌ မြို့နယ်ကုသရေးဦးစီးဌာနက သွားကျန်းမာရေးဆရာဝန် ဒေါက်တာ ပြည်မိုးအောင်က သွားကျန်းမာရေးအကြောင်း အသိပညာပေး ဟောပြောကာ ထူးကုန်းကျေးလက် ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးစိုးမိုးမြင့်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေး ဟောပြောပြီး ကျန်းမာရေးကြီးကြပ်-၂ ဒေါ်ပန်းအိဖြူက အာဟာရအတွက် လိုအပ်သော ကြယ်လေးပွင့်နှင့် သန်ကောင်ရောဂါအကြောင်းကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ဒေါက်တာ ပြည်မိုးအောင်က ကျောင်းသားကျောင်းသူများအား သွားကျန်းမာရေး စစ်ဆေးပေးကာ သန်ချဆေး တိုက်ကျွေးပေးပြီး သွားတိုက်ဆေးများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**အောင်သူ**

# တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အာကာသထဲသို့ ဂြိုဟ်တုသစ် ၁၆ လုံး တရုတ်လွှတ်တင်

တိုင်ယွမ် ဩဂုတ် ၁၀

**တရုတ်နိုင်ငံသည် နိုင်ငံမြောက်ပိုင်း ရှန်းရှီးပြည်နယ်ရှိ တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အာကာသထဲသို့ ဂြိုဟ်တုသစ် ၁၆ လုံးကို ဩဂုတ် ၁၀ ရက်က လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။**

ကျိလင်း-၁ ဂျီယိုဖန်း ဝ၃ဒီဝ၉ ဂြိုဟ်တုနှင့် ယွန်ယို့စ်-၁ ဝ၄-ဝ၈ ဂြိုဟ်တုတို့ပါဝင်သော အဆိုပါ ဂြိုဟ်တုများကို သယ်ဆောင်ရေးဒုံးပျံ လောင်းမာ့ချ်-၆ ဖြင့် ပေကျင်းစံတော်ချိန် ၁၂ နာရီ မိနစ် ၅ဝ တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်သတ်မှတ်ထားသော ဂြိုဟ်တုပတ်လမ်းထဲသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွှတ်တင်လိုက်သော ဂြိုဟ်တုများကို အဝေးထိန်းအာရုံခံခြင်းနှင့် လေထုပုံရိပ်လွှာဖမ်းယူခြင်းကဲ့သို့သော နယ်ပယ်ကဏ္ဍများတွင် အဓိကထား အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ယခုဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမာ့ချ် သယ်ဆောင်ရေးဒုံးပျံများ၏ (၄၃၂) ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



တိုင်ယွမ်ဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ ဂြိုဟ်တု ၁၆ လုံး သယ်ဆောင်သော လောင်းမာ့ချ်-၆ သယ်ဆောင်ရေးဒုံးပျံ လွှတ်တင်မှုကို တွေ့ရစဉ်။



# စင်ကာပူနိုင်ငံ၌ ဩဂုတ် ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၃ဝ၅ ဦး စစ်ဆေးတွေ့ရှိ

စင်ကာပူ ဩဂုတ် ၁၀

စင်ကာပူနိုင်ငံ၌ ဩဂုတ် ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၃ဝ၅ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၇၇၃၃၈၆ ဦးအထိ ရှိလာပြီ ဖြစ်သည်။

အဆိုပါ ကူးစက်ခံရသူများအနက် ၃၁၈ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ကျန် ၁၉၈၇ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၃၁၈ ဦးအနက် ၂၉၂ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၂၆ ဦးသည် ပြည်ပပြန်ကူးစက်မှု ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၁၉၈၇ ဦးအနက် ၁၈၆၈ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၁၁၉ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ ဩဂုတ် ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ တစ်ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၅၄၃ ဦး ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# ဗီယက်နမ်၌ ကိုဗစ်-၁၉ ထပ်မံရောဂါ ကူးစက်ခံရသူ ၂၀၁၀ တွေ့ရှိ

ဟန္နိုင်း ဩဂုတ် ၁၀

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၁၀ ရက်တွင် ကိုဗစ်-၁၉ ထပ်မံရောဂါ ကူးစက်ခံရသူ ၂ဝ၁ဝ စစ်ဆေးတွေ့ရှိပြီး ဩဂုတ် ၉ ရက်ကထက် ၃၃ဝ ကျဆင်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထပ်မံကူးစက်ခံရသူများသည် ပြည်တွင်းကူးစက်မှုများ ဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁၃၅၃၅၇၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ တစ်ဦးရှိသည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၃ဝ၉၅ ဦးအထိ ရှိလာပြီ ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၁၀ ရက်တွင် ရောဂါအခြေအနေပြင်းထန်ပြီး အသက်ရှူကိရိယာတပ်ဆင်ရန်လိုအပ်သူ ၇၈ ဦးရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ လူနာ ၉၉၉၇၁၃၆ ဦး သို့မဟုတ် ရောဂါကူးစက်ခံမှု၏ ၈၈ ရာခိုင်နှုန်းကျော်သည် ရောဂါကင်းစင်၍ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်နှင့် အနီးဝန်းကျင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ကိုးဦး သေဆုံး

ဆိုးလ် ဩဂုတ် ၁၀

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်နှင့် အနီးဝန်းကျင်တွင် ဩဂုတ် ၈ ရက်မှ စတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ကာ လူ ကိုးဦး သေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးနေကြောင်း ဗဟို ဘေးအန္တရာယ်နှင့် ဘေးကင်းရေး တန်ပြန်ဆောင်ရွက်မှု အစီအမံများ ဌာနချုပ်ကို ကိုးကား၍ ဩဂုတ် ၁၀ ရက်တွင် ယွန်ဟပ် သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ရေကြီး ရေလျှံမှုကြောင့် အဆိုပါ သေဆုံးသူ ကိုးဦးသည် မြို့တော်ဆိုးလ်မှ ငါးဦး၊ ဂျောင်ဂီပြည်နယ်မှ သုံးဦးနှင့် ဂန်ဝန်ပြည်နယ်မှ တစ်ဦးတို့ ဖြစ်သည်။ ဩဂုတ် ၁၀ ရက် နံနက်ပိုင်းအထိ ဆိုးလ်မြို့တွင် မိုးရေချိန် ၅ဝဝ မီလီမီတာကျော် ရွာသွန်းခဲ့ပြီး အနောက်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် အင်ချွန်း၊ ဂျောင်ဂီပြည်နယ်နှင့် ဂန်ဝန်ပြည်နယ်စသည့် ဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဆိုးလ်မြို့နှင့် ဂျောင်ဂီပြည်နယ်တို့မှ အများဆုံးပါဝင်သည့် အိမ်ထောင်စု ၃၉၈ စုမှ လူပေါင်း ၅၇ဝ သည် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပြီး အများပြည်သူဆိုင်ရာ အဆောက်အအုံများအောက်၌ ခိုလှုံခဲ့ကြရကြောင်း သိရသည်။ ထို့အပြင် နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စု ၇၂၄ စုမှ လူပေါင်း ၁၂၅၃ ဦးတို့သည်လည်းဘေးလွတ်ရာသို့ ယာယီပြောင်းရွှေ့နေကြရကြောင်း သိရသည်။

အများအားဖြင့် ဆိုးလ်မြို့ရှိ မြေနိမ့်ပိုင်းဒေသများမှ လူနေအိမ်နှင့် အဆောက်အအုံ ၂၆ဝဝ ကျော်သည် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သလို လမ်းပေါ်ရှိ ကားအစီးရေ ထောင်ပေါင်းများစွာလည်း ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည်။ **ဆင်ဟွာ**



တောင်ကိုရီးယား၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးရေလျှံမှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

# သီရိလင်္ကာနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်မှု ရှိ မရှိ စတင်စမ်းသပ်စစ်ဆေးနေပြီ

ကိုလံဘို ဩဂုတ် ၁၀

သီရိလင်္ကာနိုင်ငံ ကျန်းမာရေးပညာရှင်များသည် နိုင်ငံတွင်းသို့ မျောက်ကျောက်ရောဂါ ကူးစက်မှု ဝင်ရောက်လာပါက သိရှိနိုင်ရန် အတွက် နိုင်ငံသားများကို စမ်းသပ်စစ်ဆေးမှု စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ကျန်းမာရေး တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၀ ရက်က ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က မျောက်ကျောက်ရောဂါ စမ်းသပ်စစ်ဆေးသည့် ကိရိယာများ ထောက်ပံ့ပေးမှု ပြုလုပ်ပြီးနောက် သီရိလင်္ကာကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ထိုကဲ့သို့ စမ်းသပ်စစ်ဆေးမှု လုပ်ဆောင်နေခြင်းဖြစ်ကြောင်းနှင့် အဆိုပါ စမ်းသပ်စစ်ဆေးမှုကို မြို့တော် ကိုလံဘိုနှင့် အလယ်ပိုင်း ကန်ဒီမြို့တို့တွင် ပြုလုပ်ဆောင်ရွက်ပြီးဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်ပြောသည်။

ထို့အပြင် အဆိုပါ ဝန်ကြီးဌာနက လက်ရှိအချိန်အထိ သီရိလင်္ကာနိုင်ငံ၌ မျောက်ကျောက် ရောဂါကူးစက်မှု မရှိသေးကြောင်း ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြီးခဲ့သည့်လတွင် အာဖရိကပြင်ပနိုင်ငံများ၌ မျောက်ကျောက် ရောဂါ ကူးစက်မှုမြင့်မားလာသည့်အတွက် မျောက်ကျောက်ရောဂါကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခြင်း ဖြစ်သည်။ **ဆင်ဟွာ**





တရုတ်နိုင်ငံရဲ့ ဟာဝိုင်ယီလို့ လူသိများတဲ့ စန်ယအပန်းဖြေစခန်း တစ်နေရာကို တွေ့ရစဉ်။

# မွန်းကျပ်မှုတွေ ဖြေဖျောက်ဖို့ အပန်းဖြေသွားရာမှ အသွားအလာ ကန့်သတ်မှုနဲ့ ထပ်မံကြုံတွေ့ရတဲ့အခါ. . .

ဇော်မိုး

**တိုးတက်ထွန်းကားလာတဲ့ သိပ္ပံနဲ့နည်းပညာတွေနောက် တစိုက်မတ်မတ်လိုက်ပြီး ကပ်ရောဂါဆိုးတွေ၊ အဆုံးမသတ်နိုင်တဲ့ ပဋိပက္ခတွေကြား ရုန်းကန်လှုပ်ရှားနေကြရတဲ့ ဒီနေ့ခေတ်ကမ္ဘာကြီးမှာ စိတ်ပင်ပန်းနွမ်းနယ်မှုနဲ့ အထီးကျန်မှုက လောကလူသားတွေအတွက် အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုအဖြစ် ရှိလို့နေပါတယ်။**

## အပန်းဖြေရာ အထင်ကရနေရာတစ်ခု

ကမ္ဘာပေါ်မှာ လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် မွန်းကျပ်လာတဲ့အခါ အဲဒီမွန်းကျပ်မှုတွေကို ဖြေဖျောက်ပြီး ချစ်ခင်ရသူတွေနဲ့ အနားယူအပန်းဖြေချင်လိုတဲ့ စိတ်ဆန္ဒလေးတစ်ခုတော့ လူတိုင်းမှာ ရှိကြတာချည်းပါပဲ။ ရှန်ဟိုင်းမှာ ပြင်းထန်တဲ့ ကိုဗစ်အသွားအလာကန့်သတ်မှုကို နှစ်လကြာ ကြံ့ကြံ့ခံပြီးမှာတော့ ကိုင်လီနယူတန်တစ်ယောက် ဟိုင်နန်ကျွန်းပေါ်မှာရှိတဲ့ စန်ယအပန်းဖြေစခန်းမှာ အနားယူဖို့ မျှော်လင့်စောင့်စားနေတာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဟာဝိုင်ယီလို့ လူသိများတဲ့ စန်ယအပန်းဖြေစခန်းဟာ ကမ္ဘာလှည့်ခရီးသွားတွေ လာရောက်လည်ပတ်တဲ့ အထင်ကရနေရာတစ်ခု ဖြစ်ပါတယ်။

ကိုင်လီနယူတန်ရဲ့ ဟိုင်နန်အပန်းဖြေခရီးစဉ်ကို လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်းက စတင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဩဂုတ် ၆ ရက်က အဲဒီစန်ယအပန်းဖြေစခန်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၃ ဦး တွေ့ရှိတဲ့အတွက် သက်ဆိုင်ရာ အာဏာပိုင်တွေက လေယာဉ်နဲ့ ရထားခရီးစဉ်အားလုံးကို ဖျက်သိမ်းလိုက်ပါတယ်။ အဲဒီနောက် ကျွန်းပေါ်မှာ ကိုဗစ်-၁၉ ရောဂါထပ်မံတွေ့ရှိတဲ့သူ ၅၀၄ ဦး စစ်ဆေးတွေ့ရှိတာကြောင့် ဩဂုတ် ၈ ရက်က ယခင်အသွားအလာကာလကို သက်တမ်းတိုးလိုက်ပါတယ်။

## ရောဂါပိုးမရှိကြောင်း အထောက်အထား ငါးကြိမ်ပြသရမှာဖြစ်

လူဦးရေ သုံးသန်းနီးပါးရှိတဲ့ ဟိုင်နန်ကျွန်းပေါ်က ဆိပ်ကမ်းမြို့ဖြစ်တဲ့ ဟိုင်ကူအပါအဝင် ဝူရှီရှန်း၊ လီဒုံနဲ့ ချင်မိုင်မြို့တို့ကိုလည်း လော့ခ်ဒေါင်းချလိုက်ပါတယ်။ ယခုအခါမှာ ခရီးသွားတွေအနေနဲ့ ကျွန်းကနေ မထွက်ခွာမီ ခုနစ်ရက်အတွင်း ပီစီအာရ်နည်းနဲ့ စစ်ဆေးထားတဲ့ ကိုဗစ်-၁၉ ရောဂါပိုးမရှိကြောင်း အထောက်အထား ငါးကြိမ်ပြသရမှာ ဖြစ်ပြီး သို့မှသာ လေယာဉ်လက်မှတ်ဝယ်ယူခွင့်ရရှိမှာဖြစ်တယ်လို့ ဆိုပါတယ်။

## သောင်တင်ပိတ်မိနေတဲ့ ခရီးသွားအရေအတွက် ၈၀၀၀၀ ခန့်ရှိ

စန်ယအပန်းဖြေစခန်းမှာ သောင်တင်ပိတ်မိနေတဲ့ ခရီးသွားအရေအတွက် ၈၀၀၀၀ ခန့်ရှိတယ်လို့ အဲဒီမြို့ရဲ့ ဒုတိယ



စန်ယအပန်းဖြေစခန်း၌ ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးသည့် နေရာ။

မြို့တော်ဝန်က ပြောပါတယ်။ အများစုမှာ တရုတ်လူမျိုးတွေဖြစ်ပြီး ရှန်ဟိုင်းကလည်း အများအပြား ပါဝင်တယ်လို့ ဆိုပါတယ်။ ဗြိတိန်လူမျိုး နယူတန်က ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ စမ်းသပ်စစ်ဆေးဖို့အတွက် နံနက်တိုင်း နှစ်နာရီလောက် ထတန်းစီရတယ်လို့ ဆိုပါတယ်။ အဲဒီလို ထတန်းစီရတဲ့အတွက် အလုပ်နဲ့ပတ်သက်တဲ့ အစည်းအဝေးတွေ ဖျက်သိမ်းရတယ်။ အဲဒီအခြေအနေက စိတ်မသက်မသာဖြစ်တာကို ပိုပြီးမြင်သာစေပါတယ်။ အထူးသဖြင့် တိုးမြှင့်ကန့်သတ်ချက်တွေကို ခံစားရပြီးဖြစ်တဲ့ ရှန်ဟိုင်းကလူတွေအတွက် ပိုပြီးဆိုးတယ်လို့ ၎င်းက ပြောပါတယ်။

## ဟိုတယ်အခန်းခ ၅၀ ရာခိုင်နှုန်းလျှော့ပေး

ဩဂုတ် ၆ ရက်က လေယာဉ်ခရီးစဉ်တွေ ဖျက်သိမ်းလိုက်ရတဲ့သူတွေအတွက် ဟိုတယ်အခန်းတွေ အခမဲ့ကမ်းလှမ်းထားတယ်လို့ဆိုပေမယ့်လည်း နယူတန်က အသွားအလာကန့်သတ်မှုကြောင့် နေထိုင်ခွင့်သက်တမ်း တိုးရတဲ့အတွက် ဟိုတယ်က ၎င်းအတွက် အခန်းခ ၅၀ ရာခိုင်နှုန်းလျှော့ပေးတယ်လို့ ပြောပါတယ်။ တရုတ်စာမဖတ်နိုင်တဲ့ နိုင်ငံခြားသားတွေအတွက် သတင်းအချက်အလက်ရရှိဖို့ ခက်ခဲပြီး ညွှန်ကြားချက်တွေကို ဟိုတယ်ပြင်ပထွက်ခွာခွင့်ပြုဖို့လည်း မသေချာဘူးလို့ ဆိုပါတယ်။

နယူးယောက်ယူနီဗာစီတီ ရှန်ဟိုင်းမှ ပါမောက္ခတစ်ဦးဖြစ်သူ ဘရိန်းဟောကခရီးသွားတွေအနေနဲ့ အခန်းထဲမှာ ဘယ်လောက်ကြာကြာ နေရဦးမလဲဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးဘူးလို့ ပြောပါတယ်။ ဒါ့အပြင် အခုလို အသွားအလာကန့်သတ်မှုကြောင့် ပိတ်မိနေတာဟာ ဒီနှစ်မှာ လေးကြိမ်မြောက်ရှိပြီဖြစ်တဲ့ ဟောက သူ့ရဲ့ အခန်းကို ဩဂုတ် ၁၀ ရက်အထိပဲ စာရင်းသွင်းထားတာလို့ ပြောပါတယ်။

ဖွန်လအစမှာ ရှန်ဟိုင်းက အသွားအလာကန့်သတ်မှုကို ဖြေလျှော့လိုက်ပြီး လေးရက်အကြာမှာတင် အနီးနားရှိ ခြံဝင်းတစ်ခု၌ အနီးကပ်ထိတွေ့သူဟု သံသယရှိတဲ့အတွက် ၎င်းနေထိုင်ရာ ဒေသတစ်ဝိုက်ကို နောက်ထပ်ရက်သတ္တနှစ်ပတ် အသွားအလာကန့်သတ်လိုက်ပါတယ်။ အဲဒီ အသွားအလာကန့်သတ်မှုကို ဖြေလျှော့ပြီးနောက် ချက်ချင်းဆိုသလိုပဲ ဟိုင်နန်ကျွန်းရှိ စန်ယအပန်းဖြေစခန်းကို အနားယူဖို့ ထွက်လာခဲ့တာဖြစ်တယ်လို့ ၎င်းက ဆိုပါတယ်။ အဲဒီရောက်တော့လည်း ၁၀ ရက်ကြာကွာရန်တင်းဝင်ရတယ်လို့ ပြောပါတယ်။

## စိတ်ကျန်းမာရေးအပေါ်မှာ ထိခိုက်မှုဖြစ်ရ

ရည်ရွယ်ချက်က ဆက်လက်အသွားအလာကန့်သတ်ပြီး ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးမှုကြောင့် ရှန်ဟိုင်းမြို့ရဲ့ပြင်ပကို ထွက်လာတာလို့ ဆိုပါတယ်။ ဒါ့အပြင် ၎င်းက အသွားအလာကန့်သတ်တာဟာ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို လျှော့ချဖို့နဲ့ ကွင်းဆက်ဖြတ်ဖို့အတွက် ထိရောက်မှုရှိသော်လည်းပဲ စိတ်ကျန်းမာရေးအပေါ်မှာ ထိခိုက်မှုဖြစ်ရတယ်လို့ ပြောပါတယ်။ အခုလို အသွားအလာကန့်သတ်မှုက လူသားတွေရဲ့ အသက်မွေးဝမ်းကျောင်းပြုမှုကို ဘယ်လောက်ထိခိုက်မလဲဆိုတာ စိုးရိမ်မိကြောင်း၊ စိတ်ကျန်းမာရေးအပေါ်မှာ ထိခိုက်မှုဖြစ်ပြီး အထူးသဖြင့် မရေမရာအခြေအနေနဲ့ လုပ်ငန်းခွင်ဝင်နေကြသူတွေ၊ ရွှေ့ပြောင်းနေထိုင်သူတွေနဲ့ လူငယ်လူရွယ်တွေကြားထဲမှာ ပိုထိခိုက်မှုဖြစ်ရတယ်လို့ ဆိုပါတယ်။

## အစားအသောက် လက်ခံရရှိဖို့ ၁၂ နာရီကျော်ကြာ

ဆိုင်မွန်ဗာရီဆယ်ဟာ ၎င်းရဲ့ မိသားစုနဲ့အတူ ယခင်က ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ ပိုမိုတင်းကျပ်ထားတဲ့ ပေကျင်းကနေ စန်ယကို ပြောင်းရွှေ့နေထိုင်သူ ဖြစ်ပါတယ်။ ပီအာရ်ကုမ္ပဏီတစ်ခုမှာ မန်နေဂျင်းဒါရိုက်တာလုပ်နေတဲ့ အဆိုပါ ပြင်သစ်လူမျိုးဟာ ပို့ဆောင်ရေးအက်ပလီကေးရှင်းတွေကတစ်ဆင့် အစားအသောက်တွေကို မှာယူရရှိနိုင်ပေမယ့်လည်း လက်ခံရရှိဖို့ ၁၂ နာရီကျော်ကြာတယ်လို့ ဆိုပါတယ်။

သို့သော်လည်း အဆိုပါ ဗာရီဆယ်ဟာ ခရီးသွားညွှေ့သည်တွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် သူ့အနေနဲ့ အနည်းငယ်သာ ခံစားရတယ်လို့ ပြောပါတယ်။ ၎င်းမှာလိုအပ်မယ်ဆိုရင် ရက်အကန့်အသတ်မရှိနေလို့ရတဲ့ နေရာရှိတယ်။ နေထိုင်ရာ ခြံထဲမှာ အသွားအလာကန့်သတ်မှုကြောင့် ပိတ်မိနေပေမယ့် အနည်းဆုံးတော့ ခြံထဲမှာ သွားလာလို့ရတယ်လို့ ဆိုပါတယ်။

**ကိုးကား- news/world-asia-62461248**

# ဩဂုတ် ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၆ ရာခိုင်နှုန်းရှိ

**(၁၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၀၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၉၄,၉၇၉) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၂၇၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၀၄၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၉-၈-၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၅၆,၄၉၈) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၁၇၀,၆၀၂) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၂၁) ခု | (၁၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းဆေးမှုအခြေအနေ | (၇) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၀၀) ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၉) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၉၄၉) ခု | (၁၀)ဦး |
| စုစုပေါင်း | (၆,၀၀၀) ခု | (၃၆)ဦး |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၉-၈-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၅၆,၄၉၈ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၁၇၀,၆၀၂ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၀-၈-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၁၂၈၉၀၇ | ၈၉၂၇၀၁၅၃ | ၁၀၅၉၆၄၁ |
| ၂။ | အိန္ဒိယ | ၄၄၁၉၀၆၉၇ | ၄၃၅၃၅၆၁၀ | ၅၂၆၈၂၆ |
| ၃။ | ပြင်သစ် | ၃၄၁၁၇၈၈၈ | ၃၃၁၀၅၆၅၉ | ၁၅၂၈၂၂ |
| ၄။ | ဘရာဇီး | ၃၄၀၆၆၀၀၀ | ၃၂၈၅၄၃၄၁ | ၆၈၀၅၉၈ |
| ၅။ | ဂျာမနီ | ၃၁၃၇၉၇၅၇ | ၂၉၈၆၉၇၀၀ | ၁၄၅၂၄၁ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၉၃၃၉၄၄ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၃၆၈၄၈၀ | ၂၀၁၇၆၇၂၇ | ၁၇၃၄၂၆ |
| ၈။ | တောင်ကိုရီးယား | ၂၀၈၄၅၉၇၃ | ၁၉၁၂၀၈၄၈ | ၂၅၃၈၂ |
| ၉။ | ရုရှား | ၁၈၇၇၀၆၅၇ | ၁၈၀၀၇၅၇၂၀ | ၃၈၂၉၀၂ |
| ၁၀။ | တူရကီ | ၁၆၂၉၅၈၁၇ | ၁၅၈၇၇၅၁၂ | ၉၉၆၇၈ |

## ၁၀-၈-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၃၅၃၅၇၃ | ၉၉၉၇၁၃၆ | ၄၃၀၉၅ |
| အင်ဒိုနီးရှား | ၆၂၆၁၆၀၅ | ၆၀၅၂၄၁၃ | ၁၅၇၁၄၉ |
| မလေးရှား | ၄၇၁၄၄၉၈ | ၄၆၃၅၇၃၇ | ၃၆၀၄၄ |
| ထိုင်း | ၄၆၁၁၇၄၁ | ၄၅၅၈၉၄၇ | ၃၁၆၉၈ |
| ဖိလစ်ပိုင် | ၃၈၁၃၉၅၂ | ၃၇၁၇၀၂၈ | ၆၀၈၈၉ |
| စင်ကာပူ | ၁၇၇၁၀၈၈ | ၁၆၈၁၆၃၂ | ၁၅၄၂ |
| မြန်မာ | ၆၁၄၂၇၆ | ၅၉၃၀၄၉ | ၁၉၄၃၄ |
| လာအို | ၂၁၂၀၂၇ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၂၁၁၁၅၇ | ၂၀၅၇၇၃ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၇၁၁၇ | ၁၃၃၇၇၇ | ၃၀၅၆ |

# (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲဝမ်းသာပီတိစကားသံများ

**ရန်ကုန် ဩဂုတ် ၁၀**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆိုလိုမြို့၌ ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အားကစားသမားများ၏ ပြိုင်ပွဲအတွေ့အကြုံနှင့် ပီတိစကားသံများကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။



ဦးဝင်းမြင့်
ဒုတိယဥက္ကဋ္ဌ



အောင်မြင့်မြတ်
(ရေကူးအားကစား)



စိုးပေ
(ပြေးခုန်ပစ်အားကစား)

"ရွှေတံဆိပ်ရတဲ့လူက နိုင်ငံအလံကို ထိပ်မှာတင်ပြီး နိုင်ငံတော်သီချင်းကို လွှင့်တဲ့အချိန်မှာ သက်ဆိုင်ရာ ကွင်းထဲမှာရှိတဲ့ ကျန်တဲ့နိုင်ငံအားလုံးက မတ်တပ်ရပ်ပြီးတော့ ကိုယ့်နိုင်ငံအလံကို အလေးပြုရတယ်။ အဲဒီခံစားချက်က ဘာနဲ့မှမတူဘူး။ အုပ်ချုပ်သူတွေ၊ နည်းပြတွေက သေချာထားပေးပါတယ်။ ပြီးရင်လစဉ် ကစားသမားတွေရဲ့ တိုးတက်မှုတွေကို ဆန်းစစ်ပါတယ်။ လစဉ်သူတို့ရဲ့ နိုင်ငံတကာမှာပြိုင်တဲ့ စံချိန်တွေနဲ့ ချိန်ထိုးပြီးတော့မှ အားနည်းချက် အားသာချက်တွေ၊ လိုအပ်တာတွေ ဖြည့်စွက်ဆောင်ရွက်ပေးပါတယ်" ဟု မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (လေ့ကျင့်/ဘဏ္ဍာ)က ပြောသည်။

"မီတာ ၂၀၀ ဖရီးစတိုင်မှာ ကျွန်တော် ယခင်အာဆီယံစံချိန်ပြန်ရတယ်။ အဲဒီအတွက် ကျွန်တော်ရွှေတံဆိပ်တစ်ခု ထပ်ရတယ်။ နောက်ပြီးတော့ မီတာ ၁၀၀ ပက်လက်ကူးမှာလည်း ကျွန်တော်အာဆီယံစံချိန်မီတယ်။ အဲဒီအတွက်လည်း ရွှေတံဆိပ်တစ်ခု ထပ်ရတယ်။ နောက်မီတာ ၅၀ မှာကျတော့ ကျွန်တော်တို့ ဖိုင်နယ် နှစ်ပွဲကူးရတဲ့အတွက် ကျွန်တော် အားကုန်သွားတယ်။ ပထမဖိုင်နယ်မှာ ကျွန်တော် တတိယပဲရတယ်။ အတိုင်းမသိဝမ်းသာပါတယ်။ နိုင်ငံတော်အနေနဲ့လည်းကျွန်တော်တို့ကို ဒီလိုမျိုး ချီးမြှင့်မြှောက်စားပြီး လုပ်ပေးထားတဲ့အတွက် ကျွန်တော်တို့ အစက ကြိုးစားတာထက်စာရင် အခု ကြိုးစားမှုက ပိုပြီးတော့ ကိုယ် ကြိုးစားသလောက် အရာထင်လာတဲ့အတွက် ပိုပြီးတော့လည်း ကြိုးစားမယ်လို့လည်း ပြောချင်ပါတယ်။" ဟု ရေကူး အားကစားသမား အောင်မြင့်မြတ်ကပြောသည်။

"ကျွန်တော် မီတာ ၁၀၀၊ မီတာ ၂၀၀ နဲ့ မီတာ ၄၀၀ လက်ဆင့်ကမ်းတို့မှာ ရွှေနှစ်ဆုနဲ့ ငွေတံဆိပ်တစ်ခုရရှိခဲ့တာပါ။ လက်ရှိမှာ ကိုယ်က ချန်ပီယံဖြစ်တဲ့အတွက် ကိုယ့်နေရာကို မြဲအောင်လည်း ဖြစ်ရမယ်။ နိုင်ငံအတွက်လည်း ဆုံးရှုံးနစ်နာမှုမရှိအောင် ဒီထက်ပိုကောင်းအောင် ပိုပြီးတော့ ကြိုးစားသွားမယ်" ဟု ပြေးခုန်ပစ် အားကစားသမား စိုးပေက ပြောသည်။ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဇွန်လတွင် အိမ်ရှင်အဖြစ် ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး**

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ် ပြိုင်ပွဲ တတိယလုပွဲ မြန်မာနှင့် ထိုင်း ယနေ့ ကစားမည်

**ရန်ကုန် ဩဂုတ် ၁၀**

ဗီယက်နမ် ယူ – ၁၉ ဖိတ်ခေါ် ပြိုင်ပွဲတတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၁၁ ရက် (ယနေ့) ဗီယက်နမ်နိုင်ငံ ဘင်ဒေါင်းမြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တတိယနေရာလုပွဲအဖြစ် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တတိယနေရာလုပွဲအဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ ဗိုလ်လုပွဲအဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တတိယနေရာလုပွဲကစားမည့် မြန်မာအသင်းနှင့် ထိုင်းအသင်းသည် အုပ်စုပွဲတွေ့ဆုံစဉ်က ထိုင်းအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲကစားမည့် ဗီယက်နမ်နှင့် မလေးရှားအသင်းသည် အုပ်စုပွဲတွေ့ဆုံစဉ်က ဗီယက်နမ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲတွေ့ဆုံရာတွင် ထိုင်းကိုအရေးနိမ့်ခဲ့သော်လည်း ဂိုးသွင်းခွင့်များရခဲ့ပြီး အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။

အုပ်စုပွဲစဉ်များအပြီးတွင် အိမ်ရှင်ဗီယက်နမ်အသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက ရမှတ်လေးမှတ်ရရှိကာ ဗိုလ်လုပွဲတက်ရောက်ခွင့်ရခဲ့ပြီး ထိုင်းအသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုတတိယ၊ မြန်မာအသင်းက သုံးပွဲစလုံးရှုံးပြီး အမှတ်မရဘဲ အုပ်စုအောက်ဆုံးတွင်ရပ်တည်ကာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ မလေးရှားနှင့် ထိုင်းအသင်းသည် ရမှတ်တူသော်လည်း မလေးရှားအသင်းက ဂိုးကွာခြားချက်အသာဖြင့် ဒုတိယနေရာရကာ ဗိုလ်လုပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# အိမ်ရှင်အင်ဒိုနီးရှားကို ပယ်နယ်တီအဆုံးအဖြတ်တွင် အရေးနိမ့်ပြီး မြန်မာယူ-၁၆ အသင်း ဗိုလ်လုပွဲနှင့် လွဲချော်

**ရန်ကုန် ဩဂုတ် ၁၀**

၂၀၂၂ အာဆီယံ ယူ–၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၀ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင် အင်ဒိုနီးရှားအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်တွင် အရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ ပွဲချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီ သရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ အင်ဒိုနီးရှားအသင်းက ငါးဂိုး–လေးဂိုး စုစုပေါင်း ခြောက်ဂိုး–ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြနေသည့် မြန်မာအသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်မည့် အခြေအနေကောင်းများ ပိုင်ဆိုင်ခဲ့သော်လည်း ပယ်နယ်တီ အဆုံးအဖြတ်တွင် အရေးနိမ့်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးပြန်ပေးလိုက်ရပြီး ပယ်နယ်တီတွင် ကံမကောင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း နည်းပြချုပ် ဦးအောင်ဇော်မျိုးသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ အချို့ပြုလုပ်ခဲ့ပြီး စိုင်းသီဟနိုင် (ဂိုး)၊ သူရဇော်၊ ဟန်ထွန်းဇော်၊ ရှိုင်းဝဏ္ဏအောင်၊ နေမင်းထက်၊ မြတ်ဘုန်းခန့်၊ ခွန်ချိုထူး၊ ထူးဝေယံ၊ လင်းထက်ဦး၊ ကောင်းထက်၊ အောင်ဇော်မျိုးတို့ ပါဝင်ကစားခဲ့သည်။ ယခုပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် မြန်မာအသင်းသည် အိမ်ရှင်အသင်းနှင့် တွေ့ဆုံသော်လည်း အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး အပြန်အလှန်ကစားနိုင်ခဲ့သည်။ အိမ်ရှင်အင်ဒိုနီးရှားအသင်းသည် ပရိသတ်များ၏ အားပေးမှုနှင့်အတူ မြန်မာအသင်းကို ဖိအားပေးသော်လည်း ဂိုးမပေးရအောင် ကစားနိုင်ခဲ့ပြီး ၄၄ မိနစ်တွင် နေမင်းထက် သွင်းယူသည့်ဂိုးဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ချေပဂိုး ရရှိရန် ဆက်တိုက်ကြိုးပမ်းလာပြီး ၆၉ မိနစ်တွင် ရီဆကီက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ချေပဂိုးသွင်းယူခဲ့သည်။ မိနစ် ၉၀ တွင် တစ်ဂိုးစီ သရေကျနေသဖြင့် ပြိုင်ပွဲစည်းမျဉ်းအရ အချိန်ပိုဆက်မကစားဘဲ ပယ်နယ်တီဖြင့် တိုက်ရိုက်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ပယ်နယ်တီကန်သွင်းရာတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ငါးလုံးစလုံးဂိုးဝင်ခဲ့ပြီး မြန်မာအသင်းက လေးဂိုးသာဝင်ခဲ့သဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် စတုတ္ထမြောက် ပယ်နယ်တီ ဂိုးမဝင်ခဲ့ခြင်းဖြစ်သည်။

အခြားဆီမီး ဖိုင်နယ်ပွဲစဉ်တွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တတိယနေရာ လုပွဲအဖြစ် ထိုင်းနှင့် မြန်မာ၊ ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ဩဂုတ် ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–AFF**



မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်နေစဉ်။

# ဟံသာဝတီအသင်း နိုင်ပွဲပြန်ရပြီး ရခိုင်ခုနစ်ပွဲဆက် အရေးနိမ့်

**ရန်ကုန် ဩဂုတ် ၁၀**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) စတုတ္ထနေ့အဖြစ် ရခိုင်နှင့် ဟံသာဝတီအသင်းတို့ ဩဂုတ် ၁၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဟံသာဝတီအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုရာသီတွင် ရလဒ်ဆိုးများနှင့် ဆက်တိုက်ရင်ဆိုင်နေရသည့် ရခိုင်ယူနိုက်တက်အသင်းသည် ယခုပွဲတွင်လည်း နိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ ခုနစ်ပွဲဆက်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ရခိုင်အသင်းသည် ပထမအကျော့လက်ကျန်နှစ်ပွဲတွင် ပွဲတိုင်းအရေးနိမ့်ထားသည့် တစ်သင်းတည်းသောအသင်းအဖြစ် ရပ်တည်နေသည်။ ဟံသာဝတီအသင်းမှာမူ နောက်မှလိုက်ကစားရသော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးသွင်းကာ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

ပွဲအစ သုံးမိနစ်တွင် ရခိုင်အသင်းဂိုးစတင်ရရှိခဲ့ပြီး ပိုင်ထက်ကိုက သွင်းယူခဲ့သည်။ ဟံသာဝတီအသင်းအတွက် ချေပဂိုးကို ၂၇ မိနစ်တွင်ညီညီအောင်က သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ဟံသာဝတီအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ကာ စိုးကျော်ကျော်က သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဟံသာဝတီအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၇၂ မိနစ်တွင် ကျော်မင်းသန်းက ခေါင်းတိုက်သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ် ၁၀ မှတ်ရထားပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ ခုနစ်ပွဲစလုံး အရေးနိမ့်ကာ အမှတ်မရသေးပေ။

ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ဩဂုတ် ၁၁ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် GFA အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ– MNL**



ရခိုင်ယူနိုက်တက်နှင့် ဟံသာဝတီ ယှဉ်ပြိုင်နေစဉ်။

# ရှင်ဗွေယန်မြို့၌ မိုးရာသီ ဘောလုံးပွဲကျင်းပ

**ရှင်ဗွေယန် ဩဂုတ် ၁၀**

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း အသင်းလိုက် မိုးရာသီ ဘောလုံးအားကစားဖွင့်ပွဲကို ဩဂုတ် ၉ ရက်က အမှတ် (၂) ရပ်ကွက် မြို့မဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် အနော်ရထာအသင်း၊ ကျန်စစ်သား အသင်း၊ ဘုရင့်နောင်အသင်း၊ အလောင်းဘုရား အသင်းနှင့် ဗန္ဓုလအသင်းများ ပါဝင်ယှဉ်ပြိုင်ပြီး ဖွင့်ပွဲအနေဖြင့် ကျန်စစ်သားအသင်းနှင့် ဗန္ဓုလအသင်း တို့ယှဉ်ပြိုင်ကစားကြသည်။

**ရှင်ဗွေယန် (ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ စက်မှုဇုန်ရပ်ကွက်နေ မွန်မွန်သဲသည် ၎င်းအသုံးပြုသည့် "Thae Mon" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ် (၁) ရပ်ကွက်နေ လှမျိုးထွန်းနှင့် (၃) ရပ်ကွက်နေ မေသူကျော်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Rizza-Travel & Food" Facebook Page၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖောထိုကျီကျေးရွာနေ လှသူဇာသည် ၎င်းအသုံးပြုသည့် "Hla Thuzar" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်နေ ချမ်းမြေ့ကို (ခ) အောင်ပြည့်စုံသည် ၎င်းအသုံးပြုသည့် "Chan Myae Ko" Facebook အကောင့်၊ လှိုင်မြို့နယ် အမှတ် (၁၆) ရပ်ကွက်နေ မျိုးလွင်ထွန်း (ခ) Sai Blanco သည် ၎င်းအသုံးပြုသည့် "Sai Blanco" Facebook အကောင့်၊ ကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက်နေ ထွန်းကျော်ဦးသည် ၎င်းအသုံးပြုသည့် "Htun Kyaw Oo" Facebook အကောင့်၊ စမ်းချောင်းမြို့နယ် ကျွန်းတော (လယ်) ရပ်ကွက်နေ မြင့်အောင်ထွန်းသည် ၎င်းအသုံးပြုသည့် "Myint Aung Htun" Facebook အကောင့်၊ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက်နေ ကျော်နိုင်စိုးသည် ၎င်းအသုံးပြုသည့် "Kyaw Naing Soe" Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တညင်ချောင်းရပ်ကွက်နေ နေမင်းနိုင်သည် ၎င်းအသုံးပြုသည့် "Nay Min Naing" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်အပိုပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်နှင့် ယန္တရားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင် တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် LED မီးသီးများ၊ မော်တော်ယာဉ် အပိုပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် အပ်ချုပ်စက် (အဟောင်း) များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၄၄၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁,၀၀၀,၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁, ၄၄၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။




အလားတူ ဩဂုတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာန စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဌာနခွဲမှ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-ဘားအံ-မြဝတီလမ်းကြောင်း မိုင်တိုင် (၄၅) အနီးတွင် သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၃၇၅၁၀) **(အပေါ်ယာပုံ)** နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် JAC HFC အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန် - ဘားအံ- မြဝတီလမ်းကြောင်း မိုင်တိုင် (၆၀) အနီး၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ တင်ဆောင်လာသော ဆိုင်ကယ်အပိုပစ္စည်းများ၊ ကလေးစီးသုံးဘီးဆိုင်ကယ်များနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၄၉၅၅၀) နှင့် အဆိုပါစ္စည်းများ တင်ဆောင်လာသည့် Hino Profia အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၈၇၀၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ပြီး သုံးနှစ်ကျော်လွန်သည်အထိ လာရောက်ထုတ်ယူခြင်းမရှိသည့် Hino Dutro Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၁၀၆၄၀)၊ Toyota Hiace အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၈၇၁၀၀) နှင့် လုပ်ငန်းသုံး ယန္တရားနှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၃၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၆၂၇၇၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်း မြို့နယ်လျှပ်စစ်ရုံးအနီး၌ တရားမဝင် ကျွန်းခွဲ သားဆိုဒ်စုံ ၂၀ ဒသမ ၀၃၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၀၀၆၄) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ကုန်တင်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀ ၀၀၀၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၀/၀) မိုင် လမ်းဆုံအနီးတွင် တရားမဝင် ကျွန်းပါကေးအကြမ်းတုံး ၀ ဒသမ ၉၉၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၈၃၂) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၈၇၆၈၉၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အရာတော်မြို့နယ်အတွင်း KENBO 125 အမျိုးအစား လိုင်စင်မဲ့ သုံးဘီးဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၆ ဒသမ ၁၃၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၈၆၆၄) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကျောက်တံခါးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်များအတွင်း AD VAN အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) နှင့် Hilux အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀ ၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၈၆၆၄) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၇ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၈၃၀၃၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကိုယ်ကျင့်သီလ...ဆင်တိုင်းလှသည်

ဒေါက်တာမင်းသန့် (ဒဿန)

**စမ်းရေဘယ်လောက်အေးအေး. . . စန္ဒကူးဘယ်လောက်မွှေးမွှေး . . . လောကမှာ အအေးဆုံး၊ အမွှေးဆုံးဟာ ကိုယ်ကျင့်သီလတရားပါပဲလို့ မြန်မာ့ဆိုရိုးစကားရှိသည်။ မှန်၏၊ စမ်းရေ၏ အေးခြင်း၊ ပန်းရနံ့၏ မွှေးခြင်းက စမ်းရေစီးဆင်းရာတစ်လျှောက်သာ အေးနိုင်ပေလိမ့်မည်၊ ပန်းရနံ့က လေအောက်သယ်ယူနိုင်သလောက်သာ မွှေးနေပေလိမ့်မည်။ ကိုယ်ကျင့်သီလ၏ အေးမြမှု၊ မွှေးပျံ့မှုကား အတိုင်းအတာ၊ လေအောက် လေညာ ကန့်သတ်ချက်မရှိ၊ လူ့ဘုံ နတ်ဘုံ၊ ဗြဟ္မာဘုံတစ်ခွင်လုံးပျံ့နှံ့နေမည်ဖြစ်၍ ကိုယ်ကျင့်သီလသည်သာ အအေးဆုံး၊ အမွှေးဆုံးဟု ဆိုရခြင်းဖြစ်ပေမည်။**

မြန်မာလူမျိုးတို့သည် ကိုယ်ကျင့်သီလကို တန်ဖိုးထား ဆောက်တည်ကြသော ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် လူမျိုးဖြစ်သည်။ သိတတ်သည့်အရွယ်မှစ၍ ဘဝ၏ နောက်ဆုံးအချိန်အထိ အဆုံးအမနှင့် နေထိုင်ခဲ့ကြသည်။ ငယ်ရွယ်စဉ်က မိဘ၊ ဆရာ အဘိုးအဘွား၊ ဦးကြီးအဒေါ်၊ အစ်ကိုအစ်မတို့၏ အဆုံးအမ။ သိတတ်သည့်အရွယ်တွင် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်အဆုံးအမ စသည်တို့ ခံယူခဲ့ကြ၍ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့ကြပြီး ကိုယ်ကျင့်သီလ ခါးဝတ်ပုဆိုးကဲ့သို့ အလေးထားကာ ထိန်းသိမ်းဆောက်တည်ခဲ့ကြပါသည်။

## ကိုယ်ကျင့်တရားဆိုသည်မှာ

ထိုကိုယ့်ကျင့်တရားသည် သက်ရှိလူသားများအတွက် မရှိမဖြစ် အရေးကြီးပါသည်။ ကိုယ်ကျင့်တရားတွင် ဘာသာခွဲခြားမှုမရှိ၊ အယူအဆကွဲပြားမှုမရှိ၊ အားလုံးတစ်ပြေးညီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ကျင့်တရားဆိုသည်မှာ လူသားအားလုံး၏ ပြုမူဆောင်ရွက်ချက်မှန်သမျှကို ထိန်းကျောင်းပေးနေသောကြောင့်ပင်ဖြစ်၏။ လောကလူသားများ ကိုယ်ကျင့်တရားကောင်းသည်နှင့်အမျှ လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ကာ လူတို့၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားတိုးတက်နေမည်ဖြစ်သည်။ ကိုယ်ကျင့်တရား ဖောက်ပြန်ပျက်စီးနေလျှင်မူကား ထိုလူသား၏ ပစ္စုပ္ပန်၊ တမလွန်ဘဝ၊ ၎င်း၏မိသားစု၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်း စသော လူ့ဘောင်အဖွဲ့အစည်း ထိခိုက်ပျက်စီးကြရမည်ဖြစ်သည်။

ထို့ကြောင့် လူသားများအတွက် ကိုယ်ကျင့်တရား ကောင်းမွန်ရေးသည် အထူးအရေးကြီးလှပေသည်။ အထူးသဖြင့် ကိုယ်ကျင့်သီလကို အလေးပေး လိုက်နာဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံသည် မိမိတို့၏ မျိုးဆက်သစ်များ ကိုယ်ကျင့်တရားကောင်းမွန်သော လူ့ဘောင်လောက တည်ဆောက်နိုင်ရေးအတွက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ အဆင့်မြင့်ပညာရပ်နယ်ပယ်များတွင်လည်း ကိုယ်ကျင့်တရားပညာရပ်များကို လေ့ကျင့်ပြုစုဆောင်ရွက်ပေးလျက် ရှိပါသည်။

## ကိုယ်ကျင့်တရားပညာရပ်များကို အလေးထားသင်ကြား

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း) တို့နှင့် နယ်စပ်ဒေသအသီးသီးရှိ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင်လည်း ကိုယ်ကျင့်တရား ပညာရပ်များကို အလေးထားသင်ကြား လေ့ကျင့်ပေးလျက်ရှိပါသည်။

ထိုတက္ကသိုလ်၊ ဒီဂရီကောလိပ်များသည် အခြားတက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့်မတူပါ။ မြန်မာနိုင်ငံအတွင်းရှိ ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ မည်သည့်တက္ကသိုလ်မဆို သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီလျှင် တိုင်းရင်းသားအားလုံး တက်ရောက်ပညာသင်ကြားနိုင်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှာမူ တိုင်းရင်းသားလူငယ်လေးများအတွက် နိုင်ငံတော်က အစစအရာရာ အကုန်အကျခံ၍ အခမဲ့သင်ကြားလေ့ကျင့်ပေးနေသော ကျောင်းများဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားမျိုးဆက်သစ် လူငယ်များအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေကြရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေသော ကျောင်းများ ဖြစ်ကြပါသည်။



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ။

ထိုတက္ကသိုလ်၊ ဒီဂရီကောလိပ်သို့ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ တက်ရောက်ခွင့်ရှိကြသည် ဆိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျကျန်ရစ်ခဲ့သော နယ်စပ်ဒေသများ၊ တိုင်းရင်းသားများ ပြည်နယ်ပြည်မ၊ နယ်စပ်ဒေသမကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မိဘမဲ့၊ မိမဲ့၊ ဖမဲ့၊ ဆင်းရဲနွမ်းပါးကြသော တိုင်းရင်းသားလူငယ်ကလေးများအား အခမဲ့နေထိုင်၊ စားသောက်၊ ဝတ်ဆင်၊ သင်ကြား လေ့ကျင့်ပေးလျက်ရှိပါသည်။

## ပထမနှစ်မှ ဘွဲ့ရသည်အထိ

ထိုတိုင်းရင်းသား လူငယ်ကလေးများသည် ပညာရေးဝန်ကြီးဌာနမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်များကဲ့သို့ ဝိဇ္ဇာပညာရပ်များ၊ သိပ္ပံပညာရပ်များ၊ အင်ဂျင်နီယာဘာသာရပ်များ တစ်ပြေးညီသင်ကြားကြရပါသည်။ ထို့ပြင် နယ်စပ်ဒေသအသီးသီးမှ လာရောက်ပေါင်းစည်းကြရသော ညီနောင်တိုင်းရင်းသားများနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်၊ ကိုယ်ကျင့်သီလယဉ်ကျေးမှုဘာသာရပ်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပထမနှစ်မှ နောက်ဆုံးနှစ် ဘွဲ့ရသည်အထိ သင်ကြားကြရသည်။ လေ့ကျင့်ကြရသည်။ ဖြေဆိုကြရပါသည်။



ကျောင်းသား ကျောင်းသူများအား ကိုယ်ကျင့်သီလ ယဉ်ကျေးမှု ဘာသာရပ်များ ပို့ချနေစဉ်။

**"ယနေ့နိုင်ငံတော်ကို တည်ဆောက်ရာတွင် အကျင့်စာရိတ္တကောင်းမွန်သည့် နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံတော်အပေါ်သစ္စာရှိပြီး တာဝန်သိတတ်သော၊ ကိုယ်ကျင့်တရားကောင်းမွန်သော၊ တော်တည့်မှန်ကန်သော ဝန်ထမ်းကောင်းများဖြင့် တည်ဆောက်ရမည် ဖြစ်ပါသည်။ နိုင်ငံတော်အပေါ်သစ္စာရှိပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ဝန်ထမ်းကောင်းများဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ တိုင်းရင်းသားဒီဂရီကောလိပ်(ရန်ကုန်)၊ တိုင်းရင်းသားဒီဂရီကောလိပ်(စစ်ကိုင်း)တို့မှ တစ်တပ်တစ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို အားရဝမ်းမြောက်ဖွယ် တွေ့မြင်ရမည် ဖြစ်ပါသည်"**

ဤသည်မှာလည်း နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့၏ ရည်မှန်းချက်ကြီးမားမှုနှင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ခေါင်းဆောင်ကောင်းများ၊ ဝန်ထမ်းကောင်းများဖြစ်စေရေး စေတနာမှန်သည့် ဆောင်ရွက်ချက်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တိုင်းရင်းသားတက္ကသိုလ်၊ ဒီဂရီကောလိပ်မှ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများသည် ပညာရပ်များ တတ်မြောက်အောင်မြင်ပြီးပါက ၎င်းတို့ဒေသအသီးသီးသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ယနေ့နိုင်ငံတော်ကို တည်ဆောက်ရာတွင် အကျင့်စာရိတ္တကောင်းမွန်သည့် နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံတော်အပေါ်သစ္စာရှိပြီး တာဝန်သိတတ်သော၊ ကိုယ်ကျင့်တရားကောင်းမွန်သော၊ တော်တည့်မှန်ကန်သော ဝန်ထမ်းကောင်းများဖြင့် တည်ဆောက်ရမည် ဖြစ်ပါသည်။ နိုင်ငံတော်အပေါ်သစ္စာရှိပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ဝန်ထမ်းကောင်းများဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်(စစ်ကိုင်း)၊ တိုင်းရင်းသားဒီဂရီကောလိပ် (ရန်ကုန်)၊ တိုင်းရင်းသားဒီဂရီကောလိပ်(စစ်ကိုင်း) တို့မှ တစ်တပ်တစ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို အားရဝမ်းမြောက်ဖွယ် တွေ့မြင်ရမည် ဖြစ်ပါသည်။

## ဘဝနေနည်း ပညာရပ်

ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးဆက်သစ် လူငယ်ကလေးများ သက်ဆိုင်ရာ ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ၊ ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်များအပြင် သီးခြား လေ့ကျင့်သင်ကြားကြရသော ကိုယ်ကျင့်တရားဘာသာရပ်မှာ တိုင်းပြည်နှင့် လူမျိုးအတွက် အားထားကြရမည့် ခေါင်းဆောင်ကောင်း၊ ဝန်ထမ်းကောင်းများဖြစ်စေရေး ရည်မှန်းဆောင်ရွက်နေသည်မှာ မှန်သော်လည်း တစ်ဦးချင်းစီအတွက် လူပီသသော၊ လူဖြစ်ရကျိုးနပ်သော၊ မိမိအကျိုး၊ အများအကျိုးသယ်ပိုးနိုင်သော လူကောင်း၊ လူတော်ဖြစ်စေသော ဘဝနေနည်း ပညာရပ်လည်းဖြစ်သည်။ ဤသို့တိုင်းရင်းသားလူငယ်လေးများ ကိုယ်ကျင့်တရားပညာရပ်များကို စနစ်တကျလေ့လာသင်ယူကြရခြင်းအားဖြင့် . . .

(က) မကောင်းမှုဒုစရိုက်များ မပြုကျင့်မိစေရန် သတိပြု၍ ရှောင်ကြဉ်တတ်လာမည်။

(ခ) ပြုကျင့်ရမည့် ကုသိုလ်ကောင်းမှုများကို တတ်သိနားလည်စွာဖြင့် ဖြည့်ကျင့်ဆောင်ရွက်တတ်လာမည်။

(ဂ) အရာရာကို သည်းခံစိတ်မွေးမြူခြင်းဖြင့် ကိုယ်ချင်းစာတရား ပိုမိုထားရှိတတ်လာမည်။

(ဃ) အများအကျိုးကို မှန်ကန်သောနည်းဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မိမိအကျိုးကိုပါ ဖြည့်ဆည်းရာရောက်ကြောင်း အတ္တ၊ ပရမ္မတစွာ ကျင့်သုံးဆောင်ရွက်တတ်လာမည်။

(င) နိုင်ငံနှင့် လူမျိုးအကျိုးအတွက် သစ္စာနှင့်သတ္တိကို အရင်းတည်လျက် အကျင့်စာရိတ္တ ပိုမိုကောင်းမွန်လာအောင် အလေးထားခြင်း၊ မကောင်းသော အလေ့အထများ၊ မှားယွင်းချွတ်ချော်မှုများ နည်းပါးလာအောင် ဆောင်ရွက်ချက်များ ပိုမိုယုံကြည်ခိုင်မာလာမည်... စသည့် အကျိုးကျေးဇူးများရရှိစေလာမည် ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် အမိနိုင်ငံတော်ကြီးကို အနာဂတ်ကာလတွင် ဦးဆောင်ကြမည့် တိုင်းရင်းသားလူငယ်ခေါင်းဆောင်လောင်း၊ ဝန်ထမ်းလောင်းများသည် ကိုယ်ကျင့်တရားပညာရပ်များ လေ့လာဆည်းပူးလေ့ကျင့် ဆောင်ရွက်ကြခြင်းဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်သော ဉာဏ်ပညာများနှင့် ပြည့်စုံလာကြကာ သစ္စာတရားနှင့် အသိပညာကို အခြေခံသော ကိုယ်ကျင့်သီလ၊ မှန်ကန်သော အသိအမြင်များ ပိုမိုတိုးတက်ရင့်သန်လာကာ လူ့ကျင့်ဝတ်တန်ဖိုးများ အလေးထားပြီး ဆောင်ရွက်သွားနိုင်သော လူကောင်း၊ လူတော်များဖြစ်လာမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၈-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- **၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** ဝါခေါင်လပြည့်နေ့တရားတော် **'ပေဋ္ဌာသက်ဝင်စိတ်ကိုပြင်'** တရားတော်
- **၀၉:၀၅** နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- **၀၉:၃၀** NRC အစီအစဉ်(တနင်္သာရီ) **'ပင်လယ်ပျော်တို့နားခိုရာ'**
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ **'ပေဋ္ဌာသုတ္တန်တရားတော်'**
- **၁၂:၃၀** **'မြတ်ဘုရားထံမှချမ်းသာရ'** တရားတော်
- **၁၃:၃၀** MRTV National News
- **၁၇:၀၅** Soccer View
- **၁၇:၂၀** စာရေးတံမဲဝါခေါင်ပွဲ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** **'၃၀' ဖြာမင်္ဂလာ** (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) **'သောဝစဿတာ'**
- **၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့အိပ်မက်တန်ဖိုး'** (အပိုင်း-၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
- **၂၁:၃၀** မြန်မာဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၈)

**mitv**

- **07:01** Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- **07:08** Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
- **07:34** Palm Resort
- **07:43** History Of Wishfulfilling Mai-Lamu Pagoda
- **08:01** An Ode To Love
- **08:08** The Third Prize Winner
- **08:20** Taung Byone Nat Festival (Ep-5)
- **08:33** The Strokes of Myanmar
- **09:01** News
- **09:27** The Bamboo Hat
- **09:35** Sayit-wyne Girls

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကရင်ဘာသာစကားပြောကြရအောင်(အပိုင်း-၅)
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ချင်းအမျိုးသားပန်းတောင်ဇလပ်
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** လေးမြားပြုလုပ်ခြင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ဆေးတံအစရှာလွတ်က
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ကျောက်ရိုးတော်မာတ်စေတီ
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ပို့ရဲ့ကောင်းကျိုး/ဆိုးကျိုး
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** တောင်ယာထမင်းဟင်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** အဆာပြေမုန့်လုပ်စားကြမယ်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၁)
- **ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)** ဖရဲသီးနှင့်ကျန်းမာရေး
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဘဝကိုအရှုံးမပေးသူ(နန့်ခိုင်နှင်းဝေ)

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** ချယ်ရီပန်းတို့ဝေရာမြေ(ဂျပန်)
- **၀၉:၁၅** ပိုင်းဝန်းလက်တွဲဆောင်ရွက်ပေး ကျောင်းတိုင်းကျောင်းတိုင်းကျန်းမာရေး
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အဝယ်မလောနဲ့'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၄၅** မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ
- **၀၇:၁၀** အကျိုးရှိစွာအသုံးချပါ ကိုင်းကူးကိုင်းဆက်နည်းပညာ(ရှောက်၊ သရက်)
- **၀၈:၁၅** တောင်သူမှသည်...တောင်သူဆီသို့
- **၀၉:၂၀** မြေဆွေးပုံဘယ်လိုပြုလုပ်မလဲ
- **၀၉:၄၅** ခေတ်မီတွေးမြင်နည်းသစ်ထွင် ငါးမွေးမြူလျှင်စားပင်စိုက်

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ၌ နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကျောက်တန်းမြို့နယ် မှော်ဝန်းချောင်းအတွင်း ငါးကောင်ရေနှစ်သိန်းခွဲ မျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်တန်းမြို့နယ် မှော်ဝန်းချောင်းသဘာဝရေပြင်အတွင်း ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၁၀ ရက်က မှော်ဝန်းချောင်း ကျိုက်မှော်ဝန်းဘုရားအနီး၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှော်ကားငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးသားပေါက်ကောင်ရေ နှစ်သိန်းခွဲကို မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ **သတင်းစဉ်**



# ဟုမ္မလင်းမြို့နယ်တွင် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောခြင်းနှင့် အသိပညာပေးပိုစတာစိုက်ထူ

ဟုမ္မလင်း ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ကက်သာကျေးရွာတွင် ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မြင့်မြင့်လှိုင်က ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေး၊ တရားမဝင် ငါးဖမ်းနည်းများဖြစ်သော ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်းစသည်တို့နှင့် ပတ်သက်၍ လည်းကောင်း၊ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နှစ်လက်မအရွယ် ငါးသားပေါက်များ မျိုးစိုက်ထည့်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဟောပြောပွဲသို့ ရေလုပ်သားများ တက်ရောက်၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေး ပိုစတာစိုက်ထူခြင်းများ ပြုလုပ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀- ၈ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၉၈၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၉၇၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၀ ကျပ် | ၂၁၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၆၀ ကျပ် | ၁၉၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၂၀ ကျပ် | ၁၉၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၄၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၂၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၀၇၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၇ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၁ . ၁၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၁၀ . ၈၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၄၂၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆၉၀၀ | ၇၁၀၀ | ၂၇၄ | ၁၈၉၄၄၀၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၆၈၇ | ၁၆၈၃၁၅၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၄ | ၂၇၆၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၁၁ | ၂၅၉၀၀ |
| EFR | ၂၃၅၀ | ၂၄၅၀ | ၄၁ | ၉၇၄၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

• • • • ဒေါက်တာ တင်မာမာဦး • • • •

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၏ တစ်ခုတည်းသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလည်း ဖြစ်သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်နှင့် ထန်ပါခွေ၊ဆွမ္မရာ၊ ပန်ဆောင်၊ ဒုံဟီးမြို့များ ပါဝင်ပြီး ကျေးရွာအုပ်စု ၁၁၆ အုပ်စု၊ ကျေးရွာပေါင်း ၂၆၆ ရွာတို့ဖြင့် လူဦးရေ ၁၃၇၈၆၁ ဦး နေထိုင်လျက်ရှိသည်။**

## ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

နာဂဒေသသည် တောင်ကုန်းတောင်တန်းများ ထူထပ်ပေါ်များကာ မြေပြန့်ဒေသနည်းပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ ဒေသခံများအနေဖြင့်လည်း တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ကြသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသများအနက် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့သောဒေသ ဖြစ်ခဲ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နာဂဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ နာဂဒေသနှင့် နယ်စပ်ဒေသများ၏ ဒေသစိုက်ပျိုးစီးပွားလုပ်ငန်းမြှင့်တင်နိုင်ရန်၊ လက်ရှိ စိုက်ပျိုးနေသည့် ဒေသမျိုးများအစား အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်သည့် သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရန်၊ ဒေသနှင့် ကိုက်ညီသည့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် သီးနှံအမယ်သစ်များကို ပျိုးထောင်၊ မျိုးပွားစိုက်ခင်းများ ထူထောင်လာစေရန်၊ ဒေသခံတောင်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် စုပေါင်းဆောင်ရွက်မှုများကြောင့် နာဂဒေသဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လက်ရှိ ကျင့်သုံးစိုက်ပျိုးနေကြသည့် ရွှေ့ပြောင်းတောင်ယာမှ ရေရှည်တည်တံ့ခိုင်မြဲသောစိုက်ခင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ နာဂဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းဘဏ္ဍာရန်ပုံငွေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်း၊ မိုပိုင်းလွတ်၊ ထန်ပါခွေ၊ ဒုံဟီးမြို့နယ်များတွင် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်မှ စတင်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ သုံးနှစ်စီမံကိန်းဖြင့် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀ ကို နှစ်စဉ်ကျခံသုံးစွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နာဂဒေသနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းများအဖြစ် ဒေသနှင့် ကိုက်ညီသည့် တောင်ယာစပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ နှမ်းနက်နှင့် ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့များ ထောက်ပံ့ခြင်း၊ ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံ လက်ဖက်၊ ကော်ဖီ၊ မျောက်ငို စသည့် သီးနှံပျိုးပင်များ ထောက်ပံ့ခြင်း၊ ဒေသအတွင်း ပျိုးပင်များ



နာဂဒေသ လဟယ်မြို့နယ်တွင် လှေကားထစ်လယ်ယာဖော်ဆောင်မှုကို တွေ့ရစဉ်။

**❖ နာဂဒေသနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းများအဖြစ် ဒေသနှင့်ကိုက်ညီသည့် တောင်ယာစပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ နှမ်းနက်နှင့် ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့များ ထောက်ပံ့ခြင်း၊ ဒေသနှင့် ကိုက်ညီသည့် နှစ်ရှည်သီးနှံ လက်ဖက်၊ ကော်ဖီ၊ မျောက်ငို စသည့် သီးနှံပျိုးပင်များ ထောက်ပံ့ခြင်း၊ ဒေသအတွင်း ပျိုးပင်များ လွယ်ကူစွာရရှိ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးခြံများ ထူထောင်ကာစိုက်ပျိုးစေခြင်း၊ စိုက်ပျိုးရေး သွင်းအားစုများ၊ လယ်ယာသုံးကိရိယာများ ဝယ်ယူထောက်ပံ့ပေးခြင်းနှင့် ပျိုးခြံများနှင့် စိုက်ခင်းများတွင် သုံးစွဲရန် ရေစင်များတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်**

လွယ်ကူစွာ ရရှိစိုက်ပျိုးနိုင်ရေးအတွက် ပျိုးခြံများ ထူထောင်ကာစိုက်ပျိုးစေခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ၊ လယ်ယာသုံးကိရိယာများ ဝယ်ယူထောက်ပံ့ပေးခြင်းနှင့် ပျိုးခြံများနှင့် စိုက်ခင်းများတွင် သုံးစွဲရန် ရေစင်များ တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက် ပေးလျက်ရှိသည်။

NBADP စီမံကိန်း ပထမနှစ် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မျိုးစေ့ထောက်ပံ့မှုအနေဖြင့် သက်တမ်းတို အထွက်ကောင်း တောင်ယာစပါးတင်း ၁၀၀၊ အစေ့ထုတ်ပြောင်းကီလို ၅၀ ၊ ဝဥပိဿာ ၃၅၀၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ် ၂၇၀၀ အပါအဝင် ပဲမျိုးစုံနှင့် နှမ်းနက် မျိုးစေ့များကို ဖြန့်ဝေပေးခဲ့ပြီး ပျိုးပင်ဖြန့်ဝေမှုအနေဖြင့် လက်ဖက်ပင် ၁၈၇၀၀၊ ကော်ဖီပင် ၁၂၂၀၀ ၊ မျောက်ငိုပင် ၇၀၀၀ ၊ မက်မန်းပင် ၁၅၀၀ ၊ လိမ္မော်ပင် ၃၀၀ ၊ သရက်ပင် ၁၀၀၀၊ ပီလောပီနံပင် ၂၀၀၀၊ မျောက်ဥပင် ၁၄၀၀ နှင့် အာလာဂျီပင် ၁၀၀၀၀ တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၀၂၁ -၂၀၂၂ ခုနှစ်တွင် စပါးတင်း ၃၅၀၊ အစေ့ထုတ်ပြောင်းကီလို ၉၀ ၊ ဝဥပိဿာ ၁၄၀၀ ၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ် ၄၉၀၀ အပါအဝင် ပဲမျိုးစုံနှင့် နှမ်းနက် မျိုးစေ့များကို ဖြန့်ဝေပေးခဲ့သည့်အပြင် ပျိုးပင်ဖြန့်ဝေမှုအနေဖြင့် လက်ဖက်ပင် ၂၁၅၀၀၊ ကော်ဖီပင် ၅၅၀၀ ၊ မျောက်ငိုပင် ၇၃၀၀၊ မက်မန်းပင် ၆၀၀ ၊ သရက်ပင် ၁၁၀၀ ၊ပီလောပီနံပင် ၂၀၀၀နှင့် အာလာဂျီပင် ၂၀၀၀ တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

## နှစ်ရှည်သီးနှံပျိုးပင်များထောက်ပံ့

ဒေသနှင့် ကိုက်ညီသော နှစ်ရှည်သီးနှံပျိုးပင်များကို အချိန်မရွေး လွယ်ကူစွာ ကိုယ်တိုင်စိုက်ပျိုးနိုင်ရန်အတွက် ပျိုးခြံတည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပျိုးပင်စိုက်ခင်းများအတွက် ရေတွင်းတူးခြင်း၊ ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဝင်မြို့နယ်များတွင် ပျိုးခြံ ၁၁ ခြံ တည်ထောင်ခြင်းနှင့် စိုက်ခင်းများ ရေရရှိရေး ရေတွင်း သုံးတွင်း တူးဖော်ပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် စိုက်ပျိုးရေး သွင်းအားစုများ ဖြစ်သည့် သဘာဝမြေသြဇာနှင့် ရွက်ဖျန်းမြေသြဇာများ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ ထောက်ပံ့ခြင်း၊ လယ်ယာသုံး စက်ကိရိယာများဖြစ်သည့် မျိုးစေ့ချကိရိယာ အခု ၈၀ ၊ ဆေးဖျန်းပုံး ၅၀ ကို ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

## ဒေသခံတောင်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်

NBADP စီမံကိန်း၏ တတိယနှစ်ဖြစ်သည့် ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင်လည်း ယခင်နှစ်များက တွေ့ကြုံခဲ့သည့် လုပ်ငန်း အတွေ့အကြုံများအပေါ် အခြေခံ၍ နာဂဒေသ၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသည့် ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် နန်းယွန်း၊ ဒုံဟီး၊ လဟယ်၊ ထန်ပါခွေ၊ လေရှီးနှင့် မိုပိုင်းလွတ် မြို့နယ်များအတွက် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၅၀ စီ၊ ငွေကျပ်သိန်း ၃၀၀ ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မျိုးစေ့များ ထောက်ပံ့ခြင်းအတွက် ငွေကျပ်သိန်း ၆၀၊ ပျိုးပင်များ ထောက်ပံ့ခြင်းအတွက် ငွေကျပ် ၁၀၈ သိန်း၊ ပျိုးခြံတည်ဆောက်ခြင်းအတွက် ငွေကျပ်သိန်း ၃၀ ၊ သွင်းအားစုများ ထောက်ပံ့ခြင်းအတွက် ငွေကျပ် ၇၂ သိန်းနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ခြင်းအတွက် ငွေကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ NBADP စီမံကိန်းကာလပြီးစီးပါက နာဂဒေသအတွင်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသတွင်း ဝမ်းစာဖူလုံကာ အမယ်သစ်သီးနှံများ စိုက်ပျိုး၍ အခြားဒေသများသို့ တင်ပို့ရောင်းချခြင်းဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ကာ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည် ဖြစ်သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံတောင်သူများသည် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးနည်းစနစ်ကိုသာ မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ကိုင်စိုက်ပျိုးကြသဖြင့် သစ်တောများကို နှစ်စဉ်ခုတ်ထွင် စိုက်ပျိုးကြသဖြင့် သစ်တောများ ပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် ပြဿနာများကို နှစ်စဉ်ကြုံတွေ့ခံစားကြရသည်။ အဆိုပါပြဿနာများကို ဖြေရှင်းပေးနိုင်ရေးနှင့် ဒေသခံများအတွက် ရေရှည်တည်တံ့ခိုင်မြဲစေမည့် တောင်စောင်းစိုက်ပျိုးနည်းစနစ် ဖော်ဆောင်မှုကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လှေကားထစ်လယ်ယာမြေ ၁၅ ဧကကို ဖော်ထုတ်ပေးခဲ့သည့်အပြင် ယခုနှစ်တွင် လဟယ်မြို့မျက်နှာစာ အရှေ့ဘက်ခြမ်းရှိ တောင်ကုန်းများတွင် တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရန် ၁၀ ဧကကို တိုးချဲ့ဖော်ဆောင်ခဲ့ပြီး အဆင့်မြင့် လယ်ယာမြေဖော်ဆောင်ခြင်းလုပ်ငန်းများကို ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်အတွင်း လဟယ်မြို့နယ်တွင် အဆင့်မြင့်လယ်ယာမြေဧက ၃၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင်ကုန်းမြင့်လယ်ယာဧက ၃၀၀ ထပ်မံဖော်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## နည်းပညာပေးဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် တောင်စောင်း စိုက်ပျိုးနည်းစနစ် ဖော်ဆောင်ထားသည့် တောင်ယာများတွင် နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ မက္ကဒေးမီးယား၊ လိမ္မော်၊ ထောပတ်၊ မျောက်ငို၊ သရက် စသည့် နှစ်ရှည်သီးနှံများအပြင် ရာသီအလိုက် ဝင်ငွေရရှိစေမည့် တောင်ယာစပါး၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးနိုင်ရေး နည်းပညာပေး ဆောင်ရွက်လျက်ရှိသည်။

တောင်စောင်းဖော်ဆောင်ထားသည့် ကွန်တိုလိုင်းများတွင်လည်း မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်စေမည့် ပဲမျိုးစုံနှင့် တိရစ္ဆာန်အစာအဖြစ် နေပီယာမြက်များကို စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပျိုးပင်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

*စာမျက်နှာ ၂၁ သို့*

# “(၁၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်




**နေပြည်တော် ဩဂုတ် ၁၀**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန် အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၁၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၁၈) ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် ကာလေန ဓမ္မဿဝနံ (သင့်လျော်သောအခါ တရားတော် နာကြားခြင်း) အစီအစဉ်ကို ဩဂုတ် ၁၃ ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရွှေဘုန်းကံ၊ ရန်ရှင်းမောင်၊ ထက်မြတ်အောင်၊ ပန်းကဗျာ၊ ဖူးပွင့်ရွှေရည်လှိုင်၊ ခါတ်လင်း၊ ဒိုးဇက်နှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထို့အပြင် ဩဂုတ် ၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီး၌ ယင်းအစီအစဉ်ကို ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာပြည်သိန်းတန်၏ “ သီချင်းဒိုင်ယာရီ - ၄ ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




**နေပြည်တော် ဩဂုတ် ၁၀**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ နိုင်ငံကျော်အဆိုတော်ကြီး မြန်မာပြည်သိန်းတန်၏ **“သီချင်းဒိုင်ယာရီ – ၄”** တေးဂီတဖျော်ဖြေပွဲကို Friday Night Live Show တင်ဆက်မှုအဖြစ် ဩဂုတ် ၁၂ ရက် (သောကြာနေ့) ည(၈)နာရီ ပြည်တွင်းသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ မျိုးဆက်သစ်တေးသံရှင်များဖြစ်ကြသည့် စောဒယ်နီရယ်၊ ရေဂျီနား၊ ချိုမီမီဇော်နှင့် အိအိလှိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သရုပ်ဆောင် နေဒွေးနှင့် သဥ္ဇာမြင့်မိုရ်တို့ကလည်း အားဖြည့်တင်ဆက်ပေးကြမည်ဖြစ်သည်။

ထိုသို့ ဖျော်ဖြေတင်ဆက်မှုကို ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝရေပြင် စွန်ရဲအင်းအတွင်း ငါးမျိုးစိုက်ထည့်

**စဉ့်ကိုင် ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာအုပ်စု ကျောက်ကုန်းကျေးရွာအတွင်းရှိ သဘာဝရေပြင်ဖြစ်သော စွန်ရဲအင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ကျောက်ဆည်တပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းထွေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ အဖွဲ့ဝင်(၂)ဦးအောင်သူ၊ စဉ့်ကိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နတ်ရေကန်ငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်အေးအေးမော်နှင့် ဝန်ထမ်းများက ငါးမြစ်ချင်း လေးသိန်းငါးသောင်း၊ ငါးခုံးမ တစ်သိန်းငါးသောင်း စုစုပေါင်း ငါးမျိုး ခြောက်သိန်း စွန်ရဲအင်းအတွင်း စိုက်ထည့်ပေးသည်။

**မြို့နယ် (ပြန်/ဆက်)**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဩဂုတ် ၁၀**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ်(၇၈)ကို ဩဂုတ် ၁၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် ပွင့်နဒီမောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ၁၂၊ ၁၃ နှင့် ၁၄ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




*စာမျက်နှာ ၂၀ မှ*

**ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံများအား မွေးမြူရေးလုပ်ငန်းများ တွဲဖက် လုပ်ကိုင်နိုင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် နွားနောက် ၅၀၁၇ ကောင်၊ ကျွဲ ၇၁၁၂ ကောင်၊ နွား ၉၆၉၂ ကောင်၊ ဆိတ် ၄၉၄၄ ကောင်၊ ဝက် ၅၁၅၉၇ ကောင်၊ ကြက်ကောင်ရေ ၂၅၅၀၇၀ နှင့် ဘဲကောင်ရေ ၃၂၆၄၀ ကို မွေးမြူနိုင်ရေး ဆောင်ရွက်ထားသကဲ့သို့ မွေးမြူထားသည့် တိရစ္ဆာန်များကို ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပညာပေးဆွေးနွေးခြင်း၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးမှုနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**နေဗီယာမြက်များ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိ**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိမှုအနေဖြင့် နေဗီယာမြက် ၂၀၇ ဧက၊ မွန်ဘားဆား ၁၃ ဧက၊ ရူဇီ ၁၃၆ ဧကနှင့် အခြား ၁၉ ဧက ဖြင့် စုစုပေါင်း ၃၇၅ ဧက စမ်းသပ်စိုက်ပျိုးလျက်ရှိရာ နာဂဒေသ လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်များတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် တိရစ္ဆာန်အစာ နေဗီယာမြက်များ စမ်းသပ်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။



နာဂဒေသ လေရှီးမြို့နယ်မှ စိုက်ခင်းများကို တွေ့ရစဉ်။

> **“နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံတောင်သူများသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးနည်းစနစ်ကိုသာ မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ကိုင်စိုက်ပျိုးကြသဖြင့် သစ်တောများကို နှစ်စဉ်ခုတ်ထွင် စိုက်ပျိုးကြသဖြင့် သစ်တောများ ပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်ပြဿနာများကို နှစ်စဉ်ကြုံတွေ့ခံစားကြရသည်”**

ယခုအခါ နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း လမ်းပန်းဆက်သွယ်ရေးကို အရှိန်မြှင့် ဆောင်ရွက်ပေးမှုကြောင့် သွားလာဆက်သွယ်ရေး လွယ်ကူသွားသည့်အတွက် နာဂသွေးချင်းများ၏ အဓိကအလုပ်အကိုင် အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တော့မည်ဖြစ်သကဲ့သို့ ထွက်ရှိလာသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ထွက်ကုန်များကိုလည်း လေရှီး– လဟယ် – ခန္တီးလမ်းမှ တစ်ဆင့် မြေပြန့်ဒေသများသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် စီးပွားရေး ကွင်းဆက်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတော့သည်။

နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ရာသီမရွေး၊ အချိန်အခါမရွေး သွားလာရေး လွယ်ကူကာ ဒေသကုန်စည်စီးဆင်းမှုများ မြန်ဆန်ပြီး မြေပြန့်ဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ပြည့်ဝဆီများကို
တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

**ဟိုတယ်အဆင့်မီ တိုက်နှင့်မြေကွက် အမြန်ရောင်းမည်**

၁။ ပြင်ဦးလွင်၊ အောင်ချမ်းသာ၊ မန္တလေး-လားရှိုးလမ်းမကြီးမေးတင်အတက်လမ်း ပေ(၉၀'×၉၂)အာစီ နှစ်ထပ်တိုက်၊ ဂရန်ရှိ၊ ရေ၊ မီး၊ အစုံ၊ ဆိုင်ခန်း၊ ဟိုတယ်၊ တည်းခိုခန်းဖွင့်ရန် အလွန်ကောင်းအဆင့်မြင့်ပစ္စည်းစုံပါရှိပြီး။

၂။ ပေ(၅၀'×၁၃၅)မန္တလေး-လားရှိုးလမ်းမကြီးမေးတင်အဆင်းလမ်း ပြင်ဦးလွင် အောင်ချမ်းသာ၊ ဂရန်ရှိ၊

**စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများအမြန်ဆက်သွယ်ပါ၊**

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

# သီပေါတွင် မိုးစပါး၊ မိုးနေကြာစံပြစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**သီပေါ ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ရှမ်းပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဒေသဝမ်းစာဖူလုံရေး၊ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ မျိုးစေ့ထုတ်လုပ်ပြီး တောင်သူများ ဝင်ငွေတိုးပွားစေရေး၊ လယ်ယာထွက်ကုန်များ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးတို့ကို ရည်ရွယ်၍ မျိုးကောင်း၊ မျိုးသန့်၊ မျိုးသန့်ပွား စိုက်ခင်းများ ထူထောင်ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ တောင်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချိုခိုင်ထွန်းသည် ဒုတိယပြည်နယ်ဦးစီးမှူး ဦးမောင်မောင်အေး၊ ခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုး တို့နှင့်အတူ ယနေ့နံနက်ပိုင်းက သီပေါမြို့နယ် ပေါ်ကြိုကျေးရွာအုပ်စု မော်ကေဆားတွင်းကျေးရွာမှ မိုးစပါး (မော်ဘီ-၂) မျိုးစေ့ထုတ်စံပြစိုက်ခင်း၊ မိုးနေကြာ (ဆင်းရွှေကြာ-၂) မျိုးစေ့ထုတ်စံပြစိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ(**အပေါ်ပုံ**) မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးထွန်းမင်းဦးက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် တောင်သူများအား စည်းရုံးပညာပေးမှုကြောင့် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါး၊ မိုးနေကြာ စံပြစိုက်ကွင်းများကို ရှင်းလင်းပြသသည်။

**စိုင်း(သီပေါ)**

**အမည်မှန်**

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၁)နေ ဦးဝဗျော၏သား အမည်မှန်မှာ ဦးကာလွင်စိုး ၈/မမန(နိုင်)၁၃၇၂၃၆ ဖြစ်ပါကြောင်း။

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1C/4551 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

**မိဘအမည်မှန်**

မင်းလှမြို့နယ်၊ အထက(ခွဲ)ဦးတိုစာဖြူစု Grade-9မှ မောင်ခန့်ဇင်အောင်၏ မိဘအမည်မှန်မှာ ဦးဇော်လင်းဦး ၇/မလန(နိုင်)၀၈၉၃၃၃ နှင့် ဒေါ်မာမာဦး ၇/မလန(နိုင်)၁၁၈၅၈၂ တို့ဖြစ်ပါကြောင်း။

ဦးဇော်လင်းဦး-ဒေါ်မာမာဦး

စာအုပ်
စာပေ
လူ့မိတ်ဆွေ

# မိတ္ထီလာခရိုင်၌ မိုးစပါးစိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးသွားရန် လျာထား

**မိတ္ထီလာ ဩဂုတ် ၁၀**

မိတ္ထီလာခရိုင်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မိုးစပါး ဧကတစ်သိန်းကျော် စိုက်ပျိုးသွားရန် လျာထားကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ ဒေသခံတောင်သူများသည် မိုးစပါးကို ဆည်ရေ၊ ကန်ရေသောက်စနစ်ဖြင့် လည်းကောင်း၊ ဆည်ရေကန်ရေ မရသည့် ဒေသများတွင် မိုးကောင်းသောက်စနစ်ဖြင့် လည်းကောင်း စိုက်ပျိုးလျက်ရှိသည်။ ယင်းသို့ စိုက်ပျိုးရာတွင် မိုးစပါးကို ပျိုးထောင်စိုက်ပျိုးသည့်စနစ်၊ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသည့်စနစ်များဖြင့် စိုက်ပျိုးလျက်ရှိသည်။ မျိုးများအနေဖြင့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မနောသုခ၊ ဆင်းသုခ၊ ရှောမင်း မျိုးစပါးများနှင့် ဒေသမျိုးစပါးများကို အဓိက စိုက်ပျိုးလျက်ရှိသည်။



ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း မိုးစပါးကို ဆည်ရေ၊ ကန်ရေသောက်စနစ်နှင့် မိုးကောင်းသောက်စနစ်တို့ဖြင့် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာမြို့နယ်၌ ၁၀၈၄၆ ဧက၊ မလှိုင်မြို့နယ်၌ ၅၁၆၂ ဧက၊ သာစည်မြို့နယ်၌ ၃၁၃၈၉ ဧကနှင့် ဝမ်းတွင်းမြို့နယ်၌ ၅၄၃၁၂ ဧက စိုက်ပျိုးသွားရန် လျာထားကြောင်း၊ မိုးစပါးများကို ဇူလိုင်လမှ စတင်စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါး စိုက်ဧက ၃၆၁၈ ဧက စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သရက်ချောင်းမြို့နယ်၌ မိုင်းအန္တရာယ် အသိပညာပေးဟောပြော

**သရက်ချောင်း ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့က ဦးဆောင်၍ မိုင်းအန္တရာယ် အသိပညာပေးဟောပြောပွဲကို မြို့ပေါ်ရပ်ကွက်ရှိ ပန်းတောအခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ဩဂုတ် ၈ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြတ်ကိုကိုက အန္တရာယ်ဖြစ်ပေါ်စေတတ်သော မိုင်းအမျိုးမျိုးအကြောင်း သိကောင်းစရာများ၊ မပေါက်ကွဲသေးသော စစ်လက်နက်ခဲယမ်းများ တွေ့ရှိပါက ထိတွေ့ကိုင်တွယ်မှုမပြုဘဲ သက်ဆိုင်ရာကို အကြောင်းကြားပေးကြရန်၊ မသင်္ကာစရာပစ္စည်းများတွေ့ရှိက မကိုင်မိစေရန်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၏ လုပ်ဆောင်ချက်များကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောသည်။

**သားကြီး(သရက်ချောင်း)**

**ငြင်းချက်ထုတ်ရန်သမ္မာန်စာ**

(တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅ နည်းဥပဒေ -၂၀ )

ပုသိမ်ခရိုင်တရားရုံးတော်၌

၂၀၂၂ ခုနှစ်၊တရားမကြီးမှုအမှတ်-၁၁၆

ဒေါ်အေးအေးမူ (တရားလို) နှင့် ဦးသန်းကြွယ် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်ပညာရေးတက္ကသိုလ် (သို့မဟုတ်)လှိုင်မြို့နယ်၊ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မင်းဓမ္မပညာ့ရိပ်သာ၊ အမှတ် ၂၀၄ (စီ-၁၆)နေ (ယခုနေရပ်လိပ်စာမသိ) ဦးသန်းကြွယ် (ဘ)ဦးဘတင် သိစေရမည်။

